# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈၆)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့၊ ရိုခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်း တိမ်ကောပပျောက်မှုမရှိစေရေး ယွန်းလုပ်ငန်းရှင်များ ဆက်လက်ထိန်းသိမ်းလုပ်ကိုင်လျက်ရှိ

ညောင်ဦး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်း တိမ်ကောပပျောက်မှုမရှိစေရေး ယွန်းလုပ်ငန်းရှင်များက ဆက်လက်ထိန်းသိမ်းလုပ်ကိုင်လျက်ရှိကြောင်း ပုဂံမြို့ ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူ ဦးအောင်ကျော်ထွန်း၏ပြောပြချက်အရ သိရသည်။

ယွန်းထည်လုပ်ငန်းများကို ညောင်ဦးမြို့နှင့် ပုဂံမြို့တို့၌ ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာလုပ်ကိုင်လာခဲ့ကြောင်း၊ ဝါးနှီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းမှာ စိုးရိမ်စရာမရှိသော်လည်း ဝါးနှီးဖြာကြား မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းမှာ သုံးဦး၊ လေးဦးသာ ကျန်ရှိတော့ကြောင်း၊ မြင်းမြီးဈေးနှုန်းကြီးမြင့်လာခြင်း၊ ယွန်းထည်ရောင်းချရမှု မတွင်ကျယ်ခြင်းနှင့်ယွန်းထည်ရက်လုပ်ရာတွင်

စာမျက်နှာ ၁၀ ကော်လံ ၄ ◆




**ရွှေတိဂုံစေတီတော်၌ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲ ကျင်းပမည်** စာ - ၉ သို့

**ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစုံ ဧက ၃၀၀၀၀ ကျော် ရိတ်သိမ်းခြွေလှေ့ ပြီးစီးပြီဖြစ်** စာ - ၃ သို့

**ဆောင်းပါး**

**"စာကျက်ချိန် တိုလေ၊ စာရလေ"** စာ - ၁၃ သို့

## ကျောက်မဲမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စုပေါင်းသန့်ရှင်းရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၁၅ သို့



## လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

စာ - ၁၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်)

# ဂုဏ်ယူဖွယ်ကောင်းသည့် နိုင်ငံ့တာဝန်ထမ်းဆောင်မှု

တပ်မတော်သည် နိုင်ငံတော်၏ ပြည်တွင်းပြည်ပရန်ကို ကာကွယ်ရန်ဖွဲ့စည်းထားရှိခြင်းဖြစ်သည်။ တပ်မတော်သားတိုင်းသည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့်စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်သုံးရပ်နှင့်ပြည့်စုံနေကြသူများဖြစ်ပြီး နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက်စွမ်းရည်၊စွမ်းအားရှိသည့် တပ်မတော်သားများဖြစ်သည်။ ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားသယ်ပိုးနေကြသူများဖြစ်၍ ပြည်သူများမှအပြည့်အဝယုံကြည်ကိုးစားသည့်တပ်မတော်ဖြစ်သည်။ အမျိုးအစားပို၍ ကောင်းရမည်၊ ပြည်သူလူထုနှင့်တစ်ဆက်တည်းဖြစ်ရမည်ဟူသော ဆောင်ပုဒ်အတိုင်းဒေသအလိုက် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့်ဒေသခံပြည်သူများတစ်သားတည်းဖြစ်အောင် လုပ်ဆောင်ပြီး ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာဆောင်ရွက်နေကြရမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား အောက်တိုဘာလ ၁၉ ရက်နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် **“တပ်မတော်သားတစ်ဦးချင်းအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို မပျက်မကွက်လုပ်ဆောင်နေရန်လိုကြောင်း၊ အလားတူနေ့စဉ်ဆောင်ရွက်ရမည့် ဦးရေးထောက်ဆိုင်ရာလုပ်ငန်းတာဝန်များကို မပျက်မကွက်ဆောင်ရွက်နေရန်လိုကြောင်း၊ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက်ခြင်းသည်လည်း မိမိတို့တပ်ကို အရည်အသွေးရှိသည့်တပ်ဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့၏လူနေမှုဘဝကိုထိခိုက်စေမည့် အသောက်အစား အပျော်အပါးများကို တတ်နိုင်သမျှရှောင်ရှားရန်လိုကြောင်း၊ မိမိကိုယ်ကိုတပ်မတော်သားကောင်းတစ်ဦးဆိုသည့်စိတ်ဖြင့်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ သွားလာနေထိုင်မှုများမှအစ စည်းကမ်းနှင့်အညီနေထိုင်ကြရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ပြည်သူနှင့်တပ်မတော်သည်တစ်သားတည်းရှိနေပြီး ပြည်သူလူထု၏ယုံကြည်ကိုးစားမှုများမှာလည်း အရှိန်အဟုန်မြင့်တက်နေပြီဖြစ်သည်။ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ ယုတ်မာရိုင်းစိုင်းသော လုပ်ရပ်များကြောင့် ပြည်သူများအနေဖြင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်ကိုပိုမိုအားကိုးအားထားပြုလာနေကြပြီဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်အတွက် မရှိမဖြစ်သည့်အဖွဲ့အစည်းဖြစ်သည့်အတွက် တပ်မတော်သားတစ်ဦးချင်းအရည်အချင်းပြည့်ဝမှုရှိနေအောင်လေ့ကျင့်ကြရန် နိုင်ငံတော်အကြီးအကဲကမှာကြားခြင်းဖြစ်သည်။ တပ်မတော်သားတိုင်းသည် စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံပြီး တပ်မတော်၏ဂုဏ်ကိုမြှင့်တင်ကြရမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏အခြေအနေအရ ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ ၎င်းကာလအတွင်း ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများအထိဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ ယခုအခါ နိုင်ငံတစ်ဝန်းထိုက်သင့်သလောက်တည်ငြိမ်အေးချမ်းနေပြီဖြစ်ပြီး တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းစေရေး တပ်မတော်အနေဖြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည် မိသားစုများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်မိသားစုများအနေဖြင့်လည်း တပ်ပိုင်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုတတ်နိုင်သမျှအောင်မြင်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း တပ်မတော်ကိုကောင်းအောင် တစ်ဦးချင်းဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အထက်မှပေးအပ်သောအမိန့်နှင့်တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခြင်း၊ မိမိတို့တစ်ဦးချင်းက အသိအမြင်ဗဟုသုတကြွယ်ဝခြင်းတို့ရှိနေအောင်ကြိုးစားကြရမည်ဖြစ်သည်။

တပ်မတော်သားဆိုသည်မှာ စိတ်ဓာတ်ကောင်းသူများ၊ စည်းကမ်းရှိသူများ၊ နိုင်ငံတော်အပေါ်သစ္စာစောင့်သိသူများဖြစ်ကြသည်။ ရဲဘော်အချင်းချင်းသည် နိုင်ငံတော်၏တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ကြရသူများဖြစ်ကြသည့်အတွက် ရဲဘော်စိတ်ကိုထာဝစဉ်မွေးမြူထားကြရမည်ဖြစ်သည်။ **ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ငါ့တပ်မတော်အတွက်**ဟူသော တူညီသောစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်။ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံတွင်လက်နက်ကိုင်အကြမ်းဖက်မှုများချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေးဆောင်ရွက်လျက်ရှိရာ စွမ်းရည်ရှိသည့်တပ်၊ စွမ်းအားရှိသည့်တပ်များဖြစ်အောင်တည်ဆောက်ပြီး နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုးနှင့် ဒေသအကျိုးအတွက် ဆောင်ရွက်လျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ကောင်းသည့်နိုင်ငံတာဝန်ကိုထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန် ၆၈ ရက် သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

---

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- ❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

---

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွှေဘိုရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွှေဘိုရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရွှေဘိုရွာသစ်ကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို Smart Village စီမံကိန်းရန်ပုံငွေကျပ် ၁၉၉ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀၁ သိန်း စုစုပေါင်းငွေကျပ် သိန်း ၃၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

---

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရွှေတိဂုံစေတီတော်သို့ စက်တင်ဘာလတစ်လတာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် လေးသိန်းကျော်လာရောက်



ဇန်နဝါရီလ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၂၄ ခုနှစ် ဖွေလ ၂၁ ရက်မှစ၍ ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **ဝန်းရံ**

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ စက်တင်ဘာလတစ်လတာကာလအတွင်း ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည် လေးသိန်းကျော် လာရောက်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပက အဖွဲ့မှ သိရသည်။

ယင်းကာလအတွင်းဘုရားဖူးဝင်ရောက်မှုအနေဖြင့် သံဃာတော် ၈၈၀၄ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၅၀၇၂ ပါး၊ ပြည်တွင်းမှလာရောက်သူ ၄၆၁၂၅၅ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၄၅၉၂ ဦး စုစုပေါင်း ၄၇၉၇၂၃ ဦး လာရောက်ကြောင်း သိရသည်။

အဆိုပါကာလတွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များတွင် တစ်ရက်လျှင် လူဦးရေတစ်သောင်းကျော်မှ သုံးသောင်းကျော်အထိ လာရောက်ကြပြီး အများပြည်သူရုံးပိတ်ရက်များဖြစ်သည့် စက်တင်ဘာလ ၇ ရက် တနင်္ဂနွေနေ့တွင် ၅၅၈၀၈ ဦး၊ စက်တင်ဘာလ ၁၃ ရက် စနေနေ့တွင် ၃၁၇၆၂ ဦး၊ စက်တင်ဘာလ ၁၄ ရက် တနင်္ဂနွေနေ့တွင် ၃၀၁၂၉ ဦး၊ စက်တင်ဘာလ ၂၈ ရက် တနင်္ဂနွေနေ့တွင် ၂၆၇၁၀ ဦး လာရောက်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးများအဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာဖူးမြော်နိုင်စေရန် ၂၀၂၄ ခုနှစ်

# ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစုံ ဧက ၃၀၀၀၀ ကျော် ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်



ပွင့်ဖြူ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်စိုက်ပျိုးသည့် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ဧက ၃၀၀၀၀ ကျော် ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် မြေပဲ ၅၂၆၇ ဧက၊ နှမ်း ၂၄၀၆၅ ဧက၊ နေကြာ ဧက ၁၁၂၀ စုစုပေါင်း ဆီထွက်သီးနှံစုံ ၃၀၄၅၂ ဧက စိုက်ပျိုးထားပြီး ယခုအခါ ဆီထွက်သီးနှံ စိုက်ခင်းများကို ဒေသခံတောင်သူများက ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေး ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၃၆၁၉ ဧက၊ နှမ်း ဧက ၂၄၇၂၀၊ နေကြာ ၁၀၀၆ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပဲ ၅၂၆၇ ဧက၊ နှမ်း ၂၄၀၆၅ ဧက၊ နေကြာ ဧက ၁၁၂၀ စုစုပေါင်း ဆီထွက်သီးနှံစုံ ၃၀၄၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို သီးနှံအထွက်နှုန်းတိုးစေဖို့ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ဝယ်ယူစိုက်ပျိုးနိုင်အောင် ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ လက်ရှိမှာ တောင်သူတွေက ဆီထွက်သီးနှံစိုက်ခင်းတွေကို ပြန်လည်ရိတ်သိမ်းလျက်ရှိပြီး ဒီနေ့အထိ ၃၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ မြေပဲ တစ်ဧကကို ၅၅ ဒသမ ၂၆ တင်း၊ နှမ်း တစ်ဧကကို ၉ ဒသမ ၄၃ တင်း၊ နေကြာ တစ်ဧကကို ၁၉ ဒသမ ၃၅ တင်းနှုန်းထွက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ်တွင် တောင်သူများ မိုးသီးနှံများစိုက်ပျိုးရာတွင် လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောမျိုးကောင်းမျိုးသန့် မျိုးစေ့များရရှိရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ သွင်းအားစုပစ္စည်းများ စနစ်တကျသုံးစွဲတတ်စေရေးနှင့် သီးနှံပိုးမွှားရောဂါကင်းဝေးစေရေး၊ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေအလုံအလောက်ရရှိရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးမည်

ကန်ကြီးထောင့် အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ဧက၂၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေး၏ပြောဆိုချက်အရ သိရသည်။

ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကို နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုက်ဆန်လျှော်များအပါအဝင် ဆောင်းသီးနှံများ အောက်အခံမရှိစနစ်တကျစိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ကန်ကြီးထောင့်မြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပိုက်ဆန်လျှော် ဧက ၂၅၀၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိမှာ ပိုက်ဆန်လျှော်တွေလျာထားဧကပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ ပိုက်ဆန်လျှော်အပါအဝင် ဆောင်းသီးနှံတွေအားလုံး အောက်အခံမရှိစနစ်တကျ စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အခု စိုက်ပျိုးမယ့် ပိုက်ဆန်လျှော်က မိုးရာသီမှာ မြေသြဇာအဖြစ်ပြန်လည်အသုံးပြုဖို့အတွက်ပါ'' ဟု ဒေါ်အေးအေးကပြောသည်။

အဆိုပါ သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)ကို စိုက်ပျိုးပြီး မြေသြဇာအစားထိုးပြန်လည်ထည့်သွင်းအသုံးပြုခြင်းကြောင့် ဓာတ်မြေသြဇာအသုံးပြုမှုလျော့ချနိုင်ခြင်း၊ ဓာတုဓာတ်မြေသြဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုသက်သာစေခြင်း၊ စပါးစိုက်ပျိုးသည့်အခါ ထည့်သွင်းစိုက်ပျိုးပါက စပါးဖြစ်ထွန်းအောင်မြင်ခြင်း၊ စပါးအရည်အသွေးကောင်းခြင်း၊ စားသုံးသီးနှံများဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံများစားသုံးနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဆင့်ပွားထုတ်လုပ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည့်အတွက် သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)ကို စိုက်ပျိုးသင့်ကြောင်း သိရသည်။

**သုတကျော်**

မဝ်ဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

နုပ်။ "ကျွန်တော်က ခင်ဗျားအသက်ဟာ ၆၀ ဘက်နီးမလား၊ ၅၀ ဘက်နီးမလားကို ဆုံးဖြတ်မရနိုင်အောင် ဖြစ်နေတယ်ခင်ဗျား"

အမျိုးသမီးကြီးသည် ကျွန်ုပ်အား အလွန်သဘောကျသည့်မျက်နှာထားမျိုးဖြင့်ကြည့်၍ ပြုံးလေရာ စာရေးဆရာမလည်း ကျွန်ုပ်၏လက်ကို စားပွဲခုံအောက်တွင် လူမမြင်အောင်ကိုင်၍ ဖျစ်ညှစ်လေသည်။ တခြားလူများမှာမူ ကိုယ့်အတွဲနှင့်ကိုယ် စကားလက်ဆုံကျလျက်ရှိကြလေသည်။

ဘဲ။ "တကယ်လားရှင်"

နုပ်။ "ကျွန်တော်က လူကဲခတ်တဲ့နေရာမှာ နံပါတ်ဝမ်းခင်ဗျာ့။ အသက်တို့ ဘာတို့ကို ဆရာဝန်ထက်မှန်အောင် မှန်းတတ်တဲ့လူတစ်ယောက်ပဲ"

ဘဲ။ "ဒီတစ်ခါတော့ ရှင်မှားပြီ"

နုပ်။ "မမှားပါဘူး။ လောင်းတောင်လောင်းဝံ့သေးရဲ့"

ဘဲ။ (စိုက်ထားသောသွားများပေါ်အောင် ရယ်မောပြီး) "ကျွန်မ အသက် ၆၉ နှစ်ရှိပြီရှင့်။ ဒီအထဲမှာ ကျွန်မအကြီးဆုံးပဲ။ ရှင့်ထက်တောင် ကြီးမယ်ထင်တယ်"

ဤသည်မှာ ကျွန်ုပ်အားတုံ့ပြန်၍ အချေးဆပ်ခြင်းဖြစ်သည်ဟု နားလည်ပါသည်။ ကျွန်ုပ်၏အသက်မှာ ၇၃ နှစ်ရှိပြီဖြစ်၍ သူ့ထက် လေးနှစ်ကြီးပါသည်။ ဤသည်ကို သူသိလောက်သော်လည်း "အသွားရှိလျှင် အပြန်ရှိရမည်" ဆိုသည့်အတိုင်း အပေးအယူလုပ်လိုက်ခြင်းဖြစ်ပါလိမ့်မည်။ သို့ရာတွင် သတ္တဝါသည် အမြှောက်ကြိုက်တတ်သောသဘာဝရှိ၏။ သူ့ထက် ကျွန်ုပ်က ငယ်သည်ထင်ကြောင်း ပြောလိုက်ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ "နက္ခတိုင်တွေ ဘာတွေနဲ့ ဗိုလ်လိုဝတ်ထားလို့များ နုနေလေရော့သလား" ဟု တွေးမိပါသည်။

## ဒုတိယအကြိမ် စကားပြောခြင်း

ကျွန်ုပ်၏အသက်ကို သူက လျှော့၍အထင်ပေးသောအခါ ကျွန်ုပ်သည် အမျိုးသမီးကြီးအား အကဲခတ်ကောင်းသူတစ်ယောက်အနေဖြင့် အသားယူချင်ယူစေခြင်းငှာ သူ၏အမှားကို မပြင်ဘဲထားလိုက်၏။ သူက အတိအလင်းမေးခြင်းမရှိသဖြင့် ကျွန်ုပ်ကလည်း ပြုံး၍နေလိုက်သည်။ မိမိကိုယ်ကိုစစ်ဆေးကြည့်သည့်အခါ အသက်ငယ်သည် (နုသည်) ဟု အထင်ခံရခြင်းသည်လည်း ထိုပရိသတ်တွင် အရသာတစ်မျိုးရှိသယောင်ယောင်ဖြစ်နေပါသည်။ လူ့သဘာဝသည် အတော်ဆန်းကြယ်၏။ အသက်ငယ်သည်ဟု ဘယ်သောအခါမှ အထင်မခံချင်ခဲ့သည့်ကျွန်ုပ်သည် အဘိုးကြီး၊ အမယ်ကြီးများချည်း စုရုံးလျက်ရှိကြသော ထိုပရိသတ်အနက်တွင် ငယ်သည်၊ နုသည်ဟုအထင်ခံရခြင်းကို သဘောကျလျက်ရှိ၏။ ရုပ်ရည်ချောသည့်ဘဲလေးခေါင်းဆောင်မုဆိုးမကြီးတစ်ယောက်ပါဝင်သောကြောင့်ပေလော မပြောတတ်ပေ။ ညစာစားရင်း သူတို့ထုံးစံအတိုင်း 'တို့စ်' လုပ်ကြလေရာ သခင်ကျော်စိန်က ကျွန်တော့်အား စကားပြောဖို့ တိုက်တွန်းသည်နှင့် ဆိုဗီယက်ယူနီယံတွင် ဒုတိယအကြိမ် စကားပြောရပြန်ပေပြီ။ ကျွန်ုပ်က အင်္ဂလိပ်လိုပြောခြင်းကို အနီးရှိစာရေးဆရာမက ရုရှားလိုဘာသာပြန်၍ ပြောလေသည်။ ကျွန်ုပ်က အနုပညာသည်ဆိုလျှင် ကျွန်ုပ်နှင့် ဘဝတူချည်းဖြစ်သည်ဟု မှတ်ယူတတ်သူတစ်ယောက်ဖြစ်၍ အနုပညာသည်များ အထူးသဖြင့် ကျွန်ုပ်နှင့်သက်တူရွယ်တူဖြစ်ကြသည့် အဘိုးအို၊ အမယ်အိုကြီးများသည် ရိပ်သာတစ်ခုတည်း၌စုပေါင်းကာ သင့်မြတ်ချစ်ခင်စွာ အတူတကွနေထိုင်ကြလျက် စားနေဝတ်အတွက် မပူရဘဲ မိမိတို့၏အစိုးရက အလုံးစုံတာဝန်ယူသည်ဆိုခြင်းကို ကြားသိရသည့်အခါ ထိုကဲ့သို့တာဝန်ယူနိုင်သည့် အုပ်ချုပ်ရေး

**"ဤရိပ်သာ၌ရှိကြသည့် ပညာသည်များသည် ကျွန်ုပ်ထက်မကြီးကြသော်လည်း အငြိမ်းစားနိုင်ကြပြီဖြစ်ရာ မိတ်ဆွေများထက် အသက်မငယ်သည့်ကျွန်ုပ်မှာ ကလောင်ကိုကိုင်နိုင်မှ ထမင်းစားရသည့်အဖြစ်၌ ရှိနေသဖြင့် သူတို့၏အဖြစ်ကို သွားရည်ယိုမိပါကြောင်း၊ ချီးမွမ်းလိုသော အချက်တစ်ခုရှိသေးသည်မှာလည်း အစိုးရက ပင်စင်ပေးထား၍ အငြိမ်းစားရကြသည့်အတွက် အစိုးရအား ချီးမွမ်းရုံသာမက ဤကဲ့သို့ အငြိမ်းစားရကြသည့်အခြေအနေတွင် အချင်းချင်းဆက်ဆံကြပုံကိုကြည့်ခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အလွန်သင့်မြတ်၍ ချစ်ခင်ကြင်နာကြပုံရသည့် အခြင်းအရာကိုတွေ့ရ . . ."**

စနစ်ကို တစ်ဆင့်တိုး၍ သဘောကျလာကြောင်း၊ ကျွန်ုပ်မှာ တိုးတက်သောအယူအဆရှိသည့် စာရေးဆရာတစ်ယောက်မျှသာဖြစ်၍ ကွန်မြူနစ်တစ်ယောက်မဟုတ်ပါကြောင်း၊ သို့ရာတွင် ဤရိပ်သာသို့ရောက်၍ ကျွန်ုပ်နှင့် ဘဝတူများ၏အနေအထိုင်ကို မျက်မြင်ကိုယ်တွေ့ကြုံရသည့် ယခုအချိန်၌မူကား ကျွန်ုပ်အားလည်း ဤကဲ့သို့သော အခွင့်အရေးမျိုးပေးနိုင်သည့် အုပ်ချုပ်ရေးစနစ်မျိုးသည် ကျွန်ုပ်တို့တိုင်းပြည်၌လည်း ပေါ်ပေါက်ပါစေဟု ဆုတောင်းမိကြောင်း၊ ဤရိပ်သာ၌ရှိကြသည့် ပညာသည်များသည် ကျွန်ုပ်ထက် မကြီးကြသော်လည်း အငြိမ်းစားနိုင်ကြပြီဖြစ်ရာ မိတ်ဆွေများထက် အသက်မငယ်သည့်ကျွန်ုပ်မှာ ကလောင်ကိုကိုင်နိုင်မှ ထမင်းစားရသည့်အဖြစ်၌ ရှိနေသဖြင့် သူတို့၏အဖြစ်ကို သွားရည်ယိုမိပါကြောင်း၊ ချီးမွမ်းလိုသော အချက်တစ်ခုရှိသေးသည်မှာလည်း အစိုးရက ပင်စင်ပေးထား၍ အငြိမ်းစားရကြသည့်အတွက် အစိုးရအား ချီးမွမ်းရုံသာမက ဤကဲ့သို့ အငြိမ်းစားရကြသည့်အခြေအနေတွင် အချင်းချင်းဆက်ဆံကြပုံကိုကြည့်ခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အလွန်သင့်မြတ်၍ ချစ်ခင်ကြင်နာကြပုံရသည့်အခြင်းအရာကို တွေ့ရသဖြင့် ဤရိပ်သာသူ၊ ရိပ်သာသားအပေါင်းတို့အားလည်း ချီးကျူး၍မဆုံးအောင်ရှိပါကြောင်းပြောပြ၍ ဤနည်းအတိုင်း သင့်မြတ်ငြိမ်းချမ်းစွာ အသက်ထက်ဆုံးနေနိုင်ကြပါစေသတည်းဟုဆိုကာ 'တို့စ်' လုပ်ရာ ဤပရိသတ်သည် ယဉ်ကျေးသောလူစုဖြစ်၍ အာမီးနီးယားပြည်မှ ရွာသားများကဲ့သို့ ဆူညံစွာသြဘာပေးခြင်းမရှိသော်လည်း ကျေနပ်နှစ်သိမ့်သောအခြင်းအရာကို တခြားနည်းအားဖြင့် ဖော်ပြကြလေသည်။ ကျွန်ုပ်အနီး၌ထိုင်သော ဘဲလေးခေါင်းဆောင်အမျိုးသမီးကြီးက ကျွန်ုပ်သည် သူတို့၏အနေအထိုင်ကိုသဘောကျ၍ သူတို့နှင့်အတူ နေထိုင်လိုသောဆန္ဒရှိခဲ့ပါမူ ကျွန်ုပ်အားလည်း သူတို့ကဲ့သို့ပင် အခွင့်အရေးမျိုးရရှိစေ၍ ဤရိပ်သာ၌ နေထိုင်နိုင်ရန် သူတို့၏အစိုးရအား ချဉ်းကပ်ကာ ထောက်ခံပြောဆိုပေးပါမည်ဟုပြောလေရာ လူကြီးတစ်ယောက်ကလည်း ထောက်ခံပြောဆိုလေသည်။ ကျွန်ုပ်သည် သူတို့၏စေတနာကို လက်ခံရန်မဖြစ်နိုင်သော်လည်း ဤကဲ့သို့ ဖိတ်ခေါ်ခြင်းခံရသည်မှာ ကျွန်ုပ်၏ မေတ္တာစိတ်ဓာတ်ကို တုံ့ပြန်ခြင်းဖြစ်သည်ဟု ယူဆသည့်အလျောက် မေတ္တာတရား၏အောင်မြင်မှုအတွက် ဝမ်းမြောက်လှပါသည်။ ကျွန်ုပ်၏စကားအဆုံး၌ ပရိသတ်သည် ကျွန်ုပ်အပေါ်၌ တိုး၍စိတ်ဝင်စားမှုရှိလာသည်ကို မြင်ရသဖြင့် ကျေနပ်လှပါသည်။

## ဉာဏ်ရွှင်လှခြင်း

ထို့နောက် တခြားလူများလည်း 'တို့စ်' လုပ်ကြသေးရာ ကျွန်ုပ်ရှေ့၌ တည်ထားသည့် ဝိုင်ဂလတ်စ်မှာ ကုန်လုနီးပါး ဖြစ်နေခဲ့လေပြီ။ ဤတွင် ဘဲလေးခေါင်းဆောင်ကြီးက ၎င်း၏ သောက်လက်စ ဝိုင်ဂလတ်စ်ထဲမှ ဝိုင်အကျန်ကို ကျွန်ုပ်၏ခွက်ထဲသို့ငှဲ့ကာ....

"(If you don't mind) ရှင် မရွံဘူးမဟုတ်လား" ဟု ပြောလေရာ ကျွန်ုပ်က....

"မရွံတဲ့အပြင် အကြီးအကျယ်ဂုဏ်ပြုခံရခြင်းတစ်ခုလို့ကို မှတ်ယူပါတယ်"

ဟုပြော၍ မော့ချလိုက်ပါသည်။ ကျွန်ုပ်ကား မျက်နှာဖြူအမျိုးသမီးများ မဆိုထားဘိ မြန်မာအမျိုးသမီးများနှင့်ပင် စားပွဲတွင် အပေါက်အလမ်းတည့်အောင်ပြောတတ်သူမဟုတ်ပါဘဲလျက် ထိုတိုင်းပြည်သို့ရောက်ခါမှ ဘယ်ဆီက ဉာဏ်တွေထိုးပြီး ဤမျှလောက် (Gallant) အာရွှင်လျက်ရှိရလေသနည်းဟု အံ့သြမိပါသေးသည်။ ကျွန်ုပ်၏လက်ဝဲဘက်၌ ထိုင်သော စာရေးဆရာမကမူ ကျွန်ုပ်၏ပြောလုံးများကို ထောက်ခံအားရသည့် လက္ခဏာဖြင့် ဦးခေါင်းတဆတ်ဆတ်နှင့် တပြုံးပြုံးရှိနေလေသည်။ ဝိုင်ပုလင်းလည်းကုန်၍ စကားလည်းပြတ်သွားသည်တွင် အမျိုးသမီးကြီးတစ်ယောက်သည် စာအုပ်ကြီးတစ်အုပ်ကိုယူလာ၍ ဧည့်သည်မှတ်တမ်းရေးခဲ့ဖို့ တိုက်တွန်းလေသည်။ ဆိုဗီယက်ယူနီယံသို့ ရောက်ကတည်းက ဧည့်သည်မှတ်တမ်းရေးရသည့်အခါ ဧည့်သည်တစ်ယောက်ကရေးပြီး ကျန်သည့်ဧည့်သည်များက လက်မှတ်ရေးထိုးကြသည့် ထုံးစံရှိ၏။ ကျွန်ုပ်သည် မှတ်တမ်းရေးသောအခါများ၌ 'ရွှန်းလုံး'လေးတစ်လုံး တလေညှပ်ပြီး ရေးလေ့ရှိသည်။ သခင်ကျော်စိန်သည် ထိုအရေးအသားကို သဘောကျသည့်လက္ခဏာဖြင့် မှတ်တမ်းရေးဖို့လိုသည့်အခါတိုင်း ကျွန်ုပ်အား တိုက်တွန်းလေ့ရှိ၏။ ကျွန်ုပ်က ငြင်းသောအခါများ၌သာ သူတို့တစ်ယောက်ယောက် ရေးလေ့ရှိ၏။ ထိုည၌ ကျွန်ုပ်မှာ အလွန်ကျေနပ်နှစ်သိမ့်လျက်ရှိသည်ဖြစ်၍ မှတ်တမ်းရေးဖို့မငြင်းဘဲ တာဝန်ယူ၍ ရေးခဲ့ပါသည်။ ဘာတွေကိုရေးခဲ့သည်ဟု ကျွန်ုပ် မမှတ်မိတော့။ သို့ရာတွင် တိုင်းတစ်ပါး၌ ဘဝတူ လူအိုကြီးများအချင်းချင်း ရင်းနှီးစွာ စကားလက်ဆုံကျခဲ့ရသည့်အတွက် ဘယ်အခါမှ မမေ့ပျောက်နိုင်သည့် အမှတ်အသားတစ်ခုအနေဖြင့် ကျွန်ုပ်၏နှလုံးသားတွင် တံဆိပ်ရိုက်နှိပ်ယူလာခဲ့သည့်အကြောင်းတစ်ခုကိုသာ ကျွန်ုပ်မှတ်မိ၍ ကျေနပ်သောမျက်နှာများကိုလည်း ယခုတိုင် ကျွန်ုပ်၏မျက်စိထဲတွင် ထင်မြင်လျက်ရှိပါသည်။ (ဤစားပွဲ၌ လူတစ်ယောက်လျှင် နှစ်လုံးသုံးလုံးမျှ သောက်နိုင်သည့် ဝိုင်အရက်နှစ်ပုလင်းကို လူ ၂၀ ခန့် သောက်ကြခြင်းဖြစ်၍ ဤအတွက်ကြောင့် ကျွန်ုပ် အူရွှင်သည်ဟု မယူဆစေလိုပါ။)

**ဆက်လက်ဖော်ပြပါမည်။**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိခဲ့သောပြိုင်ပွဲဝင်များအား ထပ်ဆင့်ဂုဏ်ပြု

ကော့သောင်း အောက်တိုဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မဏ္ဍပ်သကခန်းမ၌ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိခဲ့သော ကော့သောင်းခရိုင်မှ ပြိုင်ပွဲဝင်များအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာလ ၁၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီး၌ ကျင်းပခြင်းဖြင့် ရွက်ပုန်းသီး အနုပညာရှင်များပေါ်ထွက်လာပြီး မိမိတို့ ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်စေရေး ထိန်းသိမ်းစောင့်ရှောက်ရာရောက်ကြောင်း၊ ခရိုင်အဆင့်ပြိုင်ပွဲမှ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ၊ ဗဟိုအဆင့်ပြိုင်ပွဲများသို့လည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်နှင့်တိုင်းဒေသကြီးအဆင့်တွင် ကော့သောင်းခရိုင်မှ ဆုရရှိသူများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်များအား ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့်ပြိုင်ပွဲဝင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ❐ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ❐ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- ❐ စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၃°c |
| ရန်ကုန် | ၂၄°c | / | ၃၄°c |
| မန္တလေး | ၂၅°c | / | ၃၄°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပင်လယ်ရေမှ စိုက်ပျိုး၊ မွေးမြူရေးသုံး ရေချို၊ ရေသန့်ထုတ်လုပ်ခြင်းသုတေသနဆောင်ရွက်

ရန်ကုန်   အောက်တိုဘာ ၂၀

ရန်ကုန်တက္ကသိုလ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာစင်တာ (Center for Research and Innovation) ၌ Innovative Biophysics Lab တွင် Green Hydrogen Fuel Cell နည်းပညာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် စွမ်းအင်စနစ်သုတေသနလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုစဉ် ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန ကထိက ဒေါက်တာစောလင်းဦးက ပင်လယ်ရေမှ စိုက်ပျိုး၊ မွေးမြူရေးသုံး ရေချို၊ ရေသန့် တစ်နာရီ ၁၀၀ လီတာ ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဗိုလ်အဆင့် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ် ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ၂၀၁၉ ခုနှစ်မှစတင်၍ နှစ်စဉ်ပညာသင်နှစ်အလိုက် စဉ်ဆက်မပြတ်ကျင်းပခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးများတွင်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များပါဝင်ယှဉ်ပြိုင်လာကြသည်အထိ အောင်မြင်မှုရရှိလာသည်ကို တွေ့မြင်ရကြောင်းပြောကြားပြီး လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုဆုငွေပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီထံ တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲအတွက် ဂုဏ်ပြုငွေကို ပေးအပ်သည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဗိုလ်အဆင့်ဘောလုံးပြိုင်ပွဲကို အောက်တိုဘာလ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသည် အောက်မြန်မာပြည် (၄)ဇုန်နှင့် အထက်မြန်မာပြည် (၄)ဇုန်အဖြစ် ဇုန်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ စုစုပေါင်း ၂၇၂ ဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော်   အောက်တိုဘာ   ၂၀

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၂-၁၀-၂၀၂၅ ရက် ည ၈ နာရီမှ ၁၉-၁၀-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။** အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# လမ်းဘေးဝဲယာပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှု၊ နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်ရှိ ရာဇသင်္ဂဟလမ်းမကြီးတစ်လျှောက်လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှု၊ လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး ရာသီလိုက်ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှုနှင့် T လမ်းဆုံရေကန်သန့်ရှင်းသာယာလှပရေး Collector Drain၊ Slop Drain နှင့် ကျောက်စီရေထိန်းနံရံများပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးသည့်အပင်များ ရှင်သန်ကြီးထွားအောင် စိုက်ပျိုးကြရန်၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်သွားရန်၊ လမ်းပိုင်းများသတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။



ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာသို့သွားရောက်၍ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန်အတွင်းပြီးစီးစေရန်နှင့်အရည်အသွေးစံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရန် စစ်ဆေးဆောင်ရွက်ရေး၊ ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင်အသုံးပြုရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင်ဆောင်ရွက်ရေး၊ ရေများတင်ကျန်မှုမရှိစေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

# ဟုမ္မလင်းမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးရန်လျာထားသည့် လူဦးရေ ၄၀၀၀ ကျော်ကို ရာနှုန်းပြည့်ဆောင်ရွက်ပေးပြီးဖြစ်

ဟုမ္မလင်း အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးရန်လျာထားသည့် လူဦးရေ ၄၀၀၀ ကျော်ကို ရာနှုန်းပြည့်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟုမ္မလင်းမြို့နယ် ဦးစီးမှူးရုံးမှ သိရသည်။

ယခုကဲ့သို့ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးစေရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဟုမ္မလင်းမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဒေသခံပြည်သူများကို လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကျေးလက်တောရွာများပါမကျန် စနစ်တကျ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

"ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်တွေကို ဆောင်ရွက်ပေးရာမှာ နေထိုင်မှုပုံစံအဆင့်(၁)အနေနဲ့ မိမိဒေသမှာ အိမ်ထောင်စုစာရင်းရှိပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိတဲ့သူတွေကို ဆောင်ရွက်ပေးပါတယ်။ နေထိုင်မှုပုံစံအဆင့်(၂)အနေနဲ့ ဒေသတွင်းနေထိုင်သူဖြစ်ပြီး အိမ်ထောင်စုစာရင်းလည်းမရှိဘူး။ နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားခြင်း မရှိသေးတဲ့သူတွေကို ဆောင်ရွက်ပေးပါတယ်။ နေထိုင်မှုပုံစံအဆင့်(၃)အနေနဲ့ တခြားဒေသကလာရောက်ပြီး ဒီဒေသမှာ နှစ်ရှည်ကြာနေထိုင်ပြီး မူလနေရာမှာ အိမ်ထောင်စုစာရင်းရှိခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုး မရှိသေးတဲ့သူတွေကို ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဟုမ္မလင်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းကပြောသည်။

နိုင်ငံသားတိုင်း ရရှိပိုင်ဆိုင်သင့်သော နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ပဌမအကြိမ် ရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို နိုဝင်ဘာလ ၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါပဌမအကြိမ် ရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၅ နာရီတွင် စေတီတော်ပထမပစ္စယာ၊ ဒုတိယပစ္စယာ၊ တတိယပစ္စယာနှင့် ပန်းတင်ခုံများရှိ စေတီတော်များ၊ ပရိဝုဏ်အတွင်းရှိ အရံစေတီများနှင့် ရုပ်ပွားတော်များအပြင် သာသနာ့ဇောတိကဓမ္မာရုံအတွင်းရှိ ရုပ်ပွားတော်များ၊ မဟာဗောဓိညောင်ပင်ရှိ ရုပ်ပွားတော်များကိုလည်း ရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်မည်ဖြစ်သည်။

ယခုအခါ တန်ဆောင်မုန်းလပြည့်နေ့၌ ဆက်ကပ်လှူဒါန်းမည့် အလျား ၆ ကိုက်ခွဲ၊ အနံ ၅ ကိုက်ခွဲရှိ သင်္ကန်း ၈၂ စုံအား ရွှေကြာပန်းများ ရက်ဖောက်လျက်ရှိပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ဆက်ကပ်လှူဒါန်းမည့် ရွှေကြာသင်္ကန်းများကို ပင်မအလှူရှင်များကိုယ်တိုင် လာရောက်ဆက်ကပ်လှူဒါန်းပူဇော်နိုင်ပါကြောင်းနှင့် သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ယခင်က နှစ်စဉ်မသိုးသင်္ကန်းများ ရက်လုပ်ဆက်ကပ်ပူဇော်ခဲ့ပြီး ရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ခြင်းသည် ယခုနှစ်တွင် ပဌမအကြိမ်ဖြစ်ကြောင်း သိရသည်။

**ဟန်စုယဉ်**

# ရွှေတောင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်ရေးရာအသိပညာပေးဟောပြော

ရွှေတောင် အောက်တိုဘာ ၂၀


ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၁၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန်နှင့် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနှင့်ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးအကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်၊ သဘာဝဘေးအန္တရာယ် အသိပညာပေးပိုစတာများပြသရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




# ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေး

ဘိုကလေး အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အောက်တိုဘာလ ၁၉ ရက်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်၊ Book Club အဖွဲ့ဝင် စာရေးဆရာမတစ်ဦးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ဝါသနာ၊ လူငယ်နှင့်အောင်မြင်မှုခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် တက်ရောက်ကြသူများက မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် တိုက်တွန်းမှုများနှင့် လူငယ်များအတွက် အကျိုးဖြစ်ထွန်းဖွယ်ရာ၊ မှတ်သားအတုယူစရာများကို အသိပညာပေးဟောပြောပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြသည်။

အဆိုပါလူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့် ဝန်ထမ်းများ၊ Book Club အဖွဲ့ဝင်များ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ၂၀၂၅ ပညာသင်နှစ် မြိတ်တက္ကသိုလ် အဝေးသင်သင်တန်း ပထဝီဝင်မိသားစု မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ မြတ်ဆရာပူဇော်ပွဲနှင့် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ၏နှုတ်ဆက်ပွဲကျင်းပ



မြိတ် အောက်တိုဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ်ကွက် နတ်စင်လမ်း မြိတ်တက္ကသိုလ်ကျောင်းဝင်း အဆောင် ၈ ၌ ၂၀၂၅ ပညာသင်နှစ် မြိတ်တက္ကသိုလ် အဝေးသင်သင်တန်း ပထဝီဝင်မိသားစု မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ မြတ်ဆရာပူဇော်ပွဲနှင့် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ၏ နှုတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့မြိတ်တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များနှင့် စီမံ/သင်တန်းအရာရှိများ၊ ပထဝီဝင် အဝေးသင်ဘာသာရပ်မှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၀၀ ဦး တက်ရောက်ကြောင်း သိရသည်။

ရှေးဦးစွာ ပထဝီဝင်ဘာသာရပ် ကျောင်းသားကျောင်းသူများကမြတ်ဆရာသီချင်းဖြင့် ဆီမီးထွန်းညှိပူဇော်၍ ဆရာမကြီး ခေတ္တပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိနှင့် ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

ထို့နောက် ခေတ္တပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိက ကျောင်းသား၊ ကျောင်းသူများအား ဆုံးမသြဝါဒစကား ပြောကြားခဲ့ပြီး ပထဝီဝင်ဌာနပါမောက္ခ (ဌာနမှူး) ဒေါက်တာထွန်းဇော်က ဆုံးမသြဝါဒစကားပြောကြားသည်။

ဆက်လက်၍ ဆရာကြီး၊ ဆရာမကြီးများအားကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်ကာ မြိတ်တက္ကသိုလ်ဓမ္မာရုံအတွက် ပထဝီဝင်အဝေးသင်ကျောင်းသားကျောင်းသူများက အလှူငွေကျပ်နှစ်သိန်းကိုလှူဒါန်းခဲ့ရာ ခေတ္တပါမောက္ခချုပ်က လက်ခံရယူခဲ့ပြီး စတုတ္ထနှစ်ကျောင်းသား မောင်ဟိန်းထိုက်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားကို နံနက် ၁၁ နာရီတွင် ပြီးဆုံးကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

# ဖဲမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာထားရှိ

ဖဲ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဖဲမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်များကို ယနေ့ နံနက်ပိုင်းတွင် စတင်ကပ်ထားကြေညာထားရှိကြောင်း သိရသည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် အညီစိစစ်ခြင်းကို ဆောင်ရွက်ခဲ့ပြီး စိစစ်လက်ခံအတည်ပြုထားသော သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က)၊ ပုံစံ(၁၀-ခ)များအား မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မယု(ဖဲ)

# ဆင်ပေါင်ဝဲမြို့နယ် ငွေးချိုကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ရာနှုန်းပြည့်ပြီးစီး



ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ထောက်မကျေးရွာအုပ်စု ငွေးချိုကျေးရွာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းမှာ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၅၀ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏နည်းပညာအကူအညီရယူကာ ကျေးရွာပြည်သူများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၂၄၆ အိမ်မှလူဦးရေ ၇၅၀ ဦးတို့၏ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေး အကျိုးပြုလျက်ရှိကြောင်း ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

ဆင်ပေါင်ဝဲမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေးချိုကျေးရွာအပါအဝင်စာရပေ(န)ကျေးရွာ၊ ပန်းလည်ကျေးရွာသုံးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငြိမ်းသူ

# ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှဆောင်ရွက်သည့် ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



ခရမ်း အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့်ဥဒဏ်ကျွန်း-အောင်သာယာတဲတန်း-ကန်ညီနောင် ဆက်သွယ်ရေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)၊ အရည်အသွေးစစ်ဆေးရေးတာဝန်ခံတို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

အဆိုပါလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် အကျိုးပြုကျေးရွာသုံးရွာ၊ အိမ်ခြေ ၅၉၅ အိမ်၊ လူဦးရေ ၃၇၂၇ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန်ရောင်းဝယ်ဖောက်ကားရေးတို့ကို များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ခရမ်း(ပြန်/ဆက်)

## ထူးခြားသည့်နေ့အပူချိန်များ

၂၀-၁၀-၂၀၂၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ ၁ | ဒီဂရီဆဲလ်စီးယက် | ရွှေကျင် | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ဘီးလင်း | ၃၆ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ကျိုက္ကမီ | ၃၆ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | ဘားအံ | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၅ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် | မြဝတီ | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ဖျာပုံ | ၃၅ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် | သိမ်ဖြူ | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဂျုံးမြစ်မှပေးသောကျန်းမာရေးကောင်းကျိုးများ



## ဂျုံးမြစ်

ဂျုံးမြစ်ကို အင်္ဂလိပ်ကဲ့သို့ Chive Root ဟုခေါ်ပြီး ရုက္ခဗေဒအမည်မှာ Allium Hookeri ဖြစ်ကာ မျိုးရင်းကို Chinese chives ဟုခေါ်သကဲ့သို့ Liliaceae ဟုလည်း ခေါ်ဆိုကြသည်။ ဂျုံးမြစ်သည် ထူထဲပြီး အသားများသောအမြစ်ဖြစ်ကာ အိမ်တွင်းဥယျာဉ်များတွင် စိုက်ပျိုးလေ့ရှိသော မျိုးစိတ်တစ်ခုဖြစ်သည်။ ဂျုံးမြစ်ပင်သည် တောထဲတွင်ပေါက်ရောက်ပြီး အိမ်စားသုံးရန်နှင့် ဈေးကွက်တင်ပို့ရန် စိုက်ပျိုးကြသည်။

ဂျုံးမြစ်တွင် အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်သောကြောင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိစေသည်။ ဂျုံးမြစ်ကို နေ့စဉ်စားသုံးခြင်းဖြင့် သွေးဖိအားပုံမှန်ဖြစ်စေခြင်း၊ နှလုံးသွေးလွှတ်ကြောဆိုင်ရာရောဂါများ၊ အယ်လ်ဇိုင်းမားဖြစ်ခြင်းနှင့် အိုမင်းရင့်ရော်မှုကိုကာကွယ်နိုင်ခြင်း စသည့် ကောင်းကျိုးများစွာကို ရရှိစေသည်။ ထို့ပြင် အဆီဓာတ်နည်းသည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာအဖြစ် သတ်မှတ်ထားသောကြောင့် ဂျုံးမြစ်ကို ဖြည့်စွက်စာအဖြစ် စားသုံးခဲ့ပါက တစ်ချိန်တည်းတွင် ရောဂါများစွာဖြစ်ပွားမှုမှ ကာကွယ်ပေးသည့်အာနိသင်ကိုလည်း ရရှိစေသဖြင့် ကျန်းမာရေးအတွက် လွန်စွာကောင်းမွန်သောဂျုံးမြစ်ကို လူတိုင်းစားသုံးသင့်သည်။ လတ်ဆတ်ဖြူဖွေးသောဂျုံးမြစ်များသည် အေးမြသောဆောင်းရာသီတွင် ဈေးများသို့ပိုမိုဝင်ရောက်မှုရှိပြီး ပူပြင်းသောနွေရာသီတွင် ဝင်ရောက်လေ့ရှိသော်လည်း အမြစ်တိုကာ မည်းညစ်ညစ်အရောင်ဖြစ်နေတတ်သည်။

## ဂျုံးမြစ်စားသုံးသည့်ပုံစံ

ဂျုံးမြစ်ကို အတို့အမြှုပ်အနေဖြင့်ဖြစ်စေ၊ အချဉ်သုပ်၍ဖြစ်စေ၊ ဘူးသီး၊ ဂေါ်ရခါးသီး၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ငါးခေါင်းနှင့်ရောပြီး ချဉ်ရည်ဟင်းချက်၍ဖြစ်စေ၊ ရှမ်းထမင်းချဉ်သုပ်နှင့် တွဲဖက်၍ဖြစ်စေ၊ မြေပဲ၊ ပဲပုပ်၊ အသားတုံ၊ ငရုတ်သီးအစိမ်းမှုန့်တို့နှင့်ရောပြီး အကြွပ်ကြော်၍ဖြစ်စေ သက်သတ်လွတ်သမားများ အများဆုံးစားသုံးကြသည်။ အချို့ကြိုက်သူများမှာ ထမင်းသုပ်နှင့် တို့၍စားကြသည်။

## ဂျုံးမြစ်မှရနိုင်သည့် အာဟာရဓာတ်များ

ဂျုံးမြစ်တွင် ဗီတာမင်-A၊ ဗီတာမင်-K၊ ဗီတာမင်- C၊ ဗီတာမင်-B6၊ ဗီတာမင်-E၊ ဖောလိတ်၊ အမျှင်ဓာတ်၊ ကယ်လ်လိုရီ၊ ကာဗိုဟိုက်ဒရိတ်၊ အဆီဓာတ်၊ ပရိုတင်း၊ မဂ္ဂနိစ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ်၊ ပိုတက်ဆီယမ်နှင့် ကြေးနီတို့ပါဝင်သည်။ ဂျုံးမြစ်တွင် အက်စစ်ဓာတ်နှင့် အမျှင်ဓာတ်ပမာဏ မြင့်မားစွာပါဝင်သည့်အပြင် ဖိုင်တိုစတာရောလ်၊ ဖီနောလ်၊ အက်စ်ကောဘစ်အက်စစ်နှင့် အမျှင်ဓာတ်ပမာဏမြင့်မားစွာပါဝင်ပြီး အဆီဓာတ်အနည်းငယ်ပါဝင်သည်။

## ဆေးဖက်ဝင်ပုံ

တိုင်းရင်းဆေးဆရာများသည် ဂျုံးမြစ်အရွက်မှထွက်ရှိသည့်အရည်ကို ဆားနှင့်ရောစပ်၍ အစာအိမ်အနာပေါက်ခြင်းနှင့် တခြားအစာအိမ်နှင့်ပတ်သက်သော ရောဂါများကို ကုသရာတွင် အသုံးပြုကြသည်။ အပင်၏အစိတ်အပိုင်းများဖြစ်သည့် ပင်စည်နှင့် အမြစ်တို့ကို ဆူပွက်အောင်ရေနွေးနှင့်ပြုတ်ခြင်း သို့မဟုတ် ဓာတုပစ္စည်းများတွင် ပျော်ဝင်စေသည့်နည်းလမ်းဖြင့် ရရှိသည့် ဂျုံးမြစ်အနှစ်ကို နဖူးပေါ်လိမ်းသုတ်ပေးခြင်းဖြင့် မြင့်မားသည့်ကိုယ်အပူချိန်နှင့် သွေးတိုးခြင်းတို့ကို ကျဆင်းစေသည်။

## နှလုံးကိုကျန်းမာစေသောဂျုံးမြစ်

ဂျုံးမြစ်တွင် ဖောလိတ်ဓာတ်ပါဝင်သောကြောင့် နှလုံးသွေးကြောနံရံကို ထိခိုက်ပျက်စီးမှုမရှိစေရန် ကာကွယ်ပေးပြီး ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသဖြင့် ရုတ်တရက်နှလုံးရပ်ခြင်းနှင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ သွေးကြောများကို ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်ပျက်စီးခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။

## ကိုယ်ခံအားကောင်းစေသောဂျုံးမြစ်

ဂျုံးမြစ်တွင် ကိုယ်ခံအားစနစ်ကို အားဖြည့်ပေးနိုင်သည့် ဗီတာမင်-A ပါဝင်သောကြောင့် နာကျင်ရောင်ရမ်းမှုကို သက်သာစေပြီး ခန္ဓာကိုယ်ကိုကျန်းမာစေသကဲ့သို့ ကူးစက်ရောဂါများကို တိုက်ထုတ်ပေးသည့်အပြင် ဗီတာမင်-E ကြွယ်ဝမှုကြောင့်လည်း ကိုယ်ခံအားနှင့် အသားအရေကိုပါ ကောင်းမွန်စေသည်။

## အာရုံကြောစနစ်ကို ကျန်းမာစေသောဂျုံးမြစ်

ဂျုံးမြစ်တွင် အာရုံကြောကျန်းမာရေးကို အဓိကထောက်ပံ့ပေးသည့် ဗီတာမင်-B6 က အာရုံကြောကို အားဖြည့်ပေးပြီး နေ့စဉ် စိတ်ဖိစီးမှုကြောင့် ခံစားရနိုင်သည့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ခြေကုန်လက်ပန်းကျခြင်းတို့ကို သက်သာစေနိုင်သည့်အပြင် အာရုံကြောကို အားဖြည့်ပေးနိုင်သည့် မဂ္ဂနိစ်၊ ဗီတာမင်-C နှင့် ဖောလိတ်တို့လည်း ကြွယ်ဝစွာပါဝင်သည်။

## အမြင်အာရုံ ကောင်းမွန်စေသောဂျုံးမြစ်

ဓာတ်တိုးပစ္စည်းများသည် အမြင်အာရုံကို များစွာထိခိုက်စေနိုင်ပြီး အချိန်ကြာရှည်စွာထိခိုက်မှုကြောင့် အမြင်အာရုံထိခိုက်မှုကို ကာကွယ်ရန် ဗီတာမင်-C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝသည့် ဂျုံးမြစ်ကဲ့သို့ အစားအစာများကို စားပေးရန် လိုအပ်သည်။ ဂျုံးမြစ်စားသုံးပေးခြင်းဖြင့် ရေတိမ်ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

## သွေးပေါင်ထိန်းညှိပေးသောဂျုံးမြစ်

ဂျုံးမြစ်တွင်ပါဝင်သည့် ပိုတက်ဆီယမ်က သွေးစီးဆင်းမှုကို ကောင်းစေပြီး နှလုံးကြွက်သားများ၏ ကျုံ့နိုင်၊ ဆန့်နိုင်မှုကို ကောင်းမွန်စေသကဲ့သို့ သွေးတွင်းအောက်ဆီဂျင်ပမာဏကိုကောင်းမွန်စေပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ အောက်ဆီဂျင် အကောင်းဆုံး ထောက်ပံ့ပေးနိုင်သည်။ ပိုတက်ဆီယမ် ကြွယ်ဝစွာပါဝင်နေသည့် ဂျုံးမြစ်သည် သွေးပေါင်ချိန်ကို အကောင်းဆုံးထိန်းညှိပေးနိုင်သဖြင့် သွေးတိုးရှိသူများအတွက် သင့်လျော်သည့်စားစရာတစ်ခုဖြစ်သည်။

## အစာခြေစနစ်ကို ကောင်းမွန်စေသော ဂျုံးမြစ်

ဂျုံးမြစ်တွင် ပျော်ဝင်လွယ်သည့်အမျှင်ဓာတ်နှင့် ပျော်ဝင်မလွယ်သည့်အမျှင်ဓာတ်တို့ပါဝင်နေသဖြင့် အစာခြေစနစ်ကို ကောင်းမွန်စေသကဲ့သို့ အူနံရံများကို ကျန်းမာစေသည်။ ဂျုံးမြစ်သည် အူမကြီးကို သန့်စင်စေပြီး ဝမ်းမှန်စေသောကြောင့် အစာခြေစနစ်အတွက် သင့်လျော်သည့် စားစရာတစ်ခုဖြစ်သည်။

## ဆီးရွှင်စေသောဂျုံးမြစ်

ဂျုံးမြစ်တွင် ဆိုဒီယမ်ပါဝင်မှုနည်းပါးပြီး ကိုယ်တွင်းမှပိုလျှံနေသည့် ရေဓာတ်များနှင့် ဆိုဒီယမ်များကို ခန္ဓာကိုယ်ပြင်ပသို့ ဆီးအဖြစ်စွန့်ထုတ်ရန် လှုံ့ဆော်ပေးသည်။ ကိုယ်တွင်းမှ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး ကျောက်ကပ်များကို ကျန်းမာစေသည်။ ဆီးသွားများသောကြောင့် သွေးတိုးဖြစ်နိုင်ခြေကို လျှော့ချပေးပြီး ခန္ဓာကိုယ်တွင် ရေဝိတ်တက်သကဲ့သို့ မဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။

## ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးသောဂျုံးမြစ်

ဂျုံးမြစ်တွင် ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝနေမှုသည် ခန္ဓာကိုယ်ကို ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်နိုင်မှုမှ အထိရောက်ဆုံး ကာကွယ်ပေးသည်။ ဓာတ်တိုးပစ္စည်းများလွန်းသဖြင့် ဖြစ်ပေါ်ခံစားရနိုင်သည့် ကင်ဆာရောဂါမဖြစ်စေရန် ကာကွယ်ပေးသကဲ့သို့ ကင်ဆာကျိတ်များ ပွားများမလာစေရန်လည်း ကူညီပေးသည်။

## ဂျုံးမြစ်နိဂုံး

အချုပ်အားဖြင့် ဂျုံးမြစ်ကို နေ့စဉ်ပုံမှန်စားသုံးပါက သွေးဖိအားပုံမှန်ဖြစ်စေခြင်း၊ နှလုံးသွေးလွှတ်ကြောဆိုင်ရာရောဂါများ၊ အယ်လ်ဇိုင်းမားဖြစ်ခြင်းနှင့် အိုမင်းရင့်ရော်ခြင်းကိုကာကွယ်နိုင်ခြင်း၊ အဆီဓာတ်နည်းပါးခြင်းနှင့် ခုခံအားကောင်းစေခြင်း၊ ဇက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့်မှိုကြောင့်ဖြစ်သည့်ရောဂါများ၊ အရိုးပါးရောဂါ၊ အဆုတ်နှင့် အူလမ်းကြောင်းကင်ဆာများကို ကာကွယ်နိုင်ခြင်း စသည့်ကောင်းကျိုးများရရှိစေမည်ဖြစ်ကြောင်း၊ ဂျုံးမြစ်ကို ဟင်းသီးဟင်းရွက်အဖြစ် စားသုံးပေးပါက သွေးတိုး၊ အစာအိမ်အနာပေါက်ခြင်းနှင့် ခန္ဓာကိုယ်အပူချိန်အလွန်မြင့်တက်ခြင်းတို့ကို လျှော့နည်းစေကြောင်းနှင့် ဖိုင်တိုစတာရောလ်၊ ဖီနောလ်၊ အက်စ်ကောဘစ်အက်စစ်နှင့် အမျှင်ဓာတ်ပမာဏ မြင့်မားစွာပါဝင်ပြီး အဆီဓာတ်နည်းသောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာအဖြစ် သတ်မှတ်ထားသဖြင့် ဂျုံးမြစ်ကို ဖြည့်စွက်စာအဖြစ် စားသုံးခြင်းဖြင့် ရောဂါများ၏အန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

---

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြော



သထုံ အောက်တိုဘာ ၂၀

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၁၉ ရက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာစေရေး၊ Social Media များမှ သတင်းတု၊ သတင်းမှားကို သတိပြုကြရေး၊ အချိန်ကိုစီမံခန့်ခွဲတတ်စေရေးနှင့် အောင်မြင်သောလူငယ်တစ်ဦးဖြစ်လာစေရေးအတွက် လိုက်နာသင့်သည့် အချက်တို့ကိုဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဟောပြောသူက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြသည်။

အဆိုပါအခမ်းအနားသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ) ကျောင်းအုပ်ကြီး ဦးလောင်းထန်နှင့်ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီနှင့် သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း ဖွင့်လှစ်သောရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့်ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီနှင့် သာကေတမြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းအမှတ်စဉ်(၁/၂၀၂၅)၊ (၂/၂၀၂၅)၊ (၃/၂၀၂၅)၊ (၄/၂၀၂၅)၊ (၅/၂၀၂၅) နှင့်(၆/၂၀၂၅)တို့၏သင်တန်းဆင်းပွဲအခမ်းအနားကိုယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဒေါ်တင်တင်လှိုင်နှင့် ကော်မတီဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။




ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတွင်အကောင်းဆုံးဆုရရှိသည့် သင်တန်းသားကိုဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတွင်ဆုရရှိသည့်သင်တန်းသားများနှင့် အလှူရှင်များအားဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးခဲ့ကြသည်။

ဆက်လက်ပြီး ကြက်ခြေနီသင်တန်းတပ်ဖွဲ့ဝင်များက "အများအတွက်ကြက်ခြေနီ" တေးသီချင်းဖြင့်ဂုဏ်ပြုဖျော်ဖြေပြီး ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲအခမ်းအနားကိုရုပ်နားခဲ့ကြောင်းနှင့် သင်တန်းကို အောက်တိုဘာလ ၅ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ပေးခဲ့ရာ အခြေခံပညာကျောင်းများမှကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီမှကော်မတီဝင်လူငယ်များတက်ရောက်ခဲ့ကြကြောင်းသိရသည်။ **လင်းခန့်**

# ရွှေတိဂုံစေတီတော်၌ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင် ရက်လုပ်ကပ်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သည် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဖြင့် ဆယ့်နှစ်လရာသီအလိုက် ပွဲတော်များကျင်းပလျက်ရှိရာ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲကို ၁၃၈၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃ ရက် ညနေ ၄ နာရီတွင် လှည့်လည်ပွဲကျင်းပပြီး စေတီတော်ရင်ပြင်ရာဟုထောင့်အောင်မြေ၌ မသိုးသင်္ကန်းတော်များ ယှဉ်ပြိုင်ရက်လုပ်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

မသိုးသင်္ကန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး တန်ဆောင်မုန်း လပြည့်နေ့ နံနက် ၁ နာရီတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ကာ ရရှိလာသည့် ပိတ်သားများကို ရွှေကြာသင်္ကန်းတော်များအဖြစ် လပြည့်နေ့နံနက် အရုဏ်မတက်မီ ညတွင်းချင်းအပြီး ချုပ်လုပ်ကပ်၍ အာရုံခံမုခ်ဦးများအတွင်းရှိဗုဒ္ဓရုပ်ပွားတော်လေးဆူနှင့်အထက်ပစ္စယံပတ္တမြားမျက်ရှင်ရုပ်ပွားတော်၊ ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို မသိုးသင်္ကန်းတော်များ ဆက်ကပ်ပူဇော်ကြမည်လည်းဖြစ်သည်။

ရွှေတိဂုံစေတီတော်၏ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့သော်လည်း ၂၀၁၉ ခုနှစ် (၃၅)ကြိမ်အထိ ကျင်းပခဲ့ပြီးနောက်ပိုင်း ကမ္ဘာတစ်ဝန်းဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၄ ခုနှစ် (၃၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲကိုပြန်လည်ကျင်းပနိုင်ခဲ့ကာ ပထမဆုငွေကျပ်၂၇သိန်း၊ ဒုတိယဆုငွေကျပ် ၂၅ သိန်း၊ တတိယဆုငွေကျပ် ၂၃ သိန်း၊ စတုတ္ထဆုငွေကျပ် ၂၁ သိန်းနှင့် နှစ်သိမ့်ဆုငါးဆုအတွက် တစ်ဆုလျှင် ငွေကျပ် ၁၀ သိန်းစီချီးမြှင့်ခဲ့သည်။

ယခုနှစ်(၃၇)ကြိမ်မြောက်တွင် မသိုးသင်္ကန်းရက်လုပ်မည့်ပြိုင်ပွဲဝင်အသင်းကိုးသင်းအတွက် ပထမဆု ငွေကျပ်သိန်း ၄၀၊ ဒုတိယဆုငွေကျပ် ၃၅ သိန်း၊ တတိယဆုငွေကျပ်သိန်း ၃၀၊ စတုတ္ထဆုငွေကျပ် ၂၅ သိန်းနှင့် နှစ်သိမ့်ဆုတစ်သင်းလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် အသင်းငါးသင်းတို့အား ဆုချီးမြှင့်မည်ဖြစ်သည်။ မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲတွင် အများပြည်သူပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ညအိပ်ကုသိုလ်ပြုကြမည့် ဘုရားဖူးပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ပါတည်း ယူဆောင်၍ညအိပ်ခွင့်တိုင်ကြားရမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

**ဝန်းရံခ**

# ဒေသခံလူငယ်များအတွက် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းဖွင့်လှစ်

မြစ်ကြီးနား အောက်တိုဘာ ၂၀

ဒေသခံလူငယ်များအတွက် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းသုံးမျိုးဖြစ်သည့် ဧည့်ကြို (Front Office)၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး (House Keeping)၊ အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှု (Food & Beverages – service) အခြေခံသင်တန်းများနှင့် အာဆီယံအသိအမှတ်ပြု နိုင်ငံအဆင့် သင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အဂ္ဂါပေ (AGAPE)ဟိုတယ်၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်စီးပွားရေးရာဝန်ကြီးက ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကချင်ဇုန်)တို့ ပူးပေါင်း၍ သင်တန်းများ၊ အလုပ်ရှုံဆွေးနွေးပွဲများ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ မျိုးဆက်သစ် လူငယ်လက်ဝှေ့အားကစားသမားများပေါ်ထွန်းလာစေရေးရည်ရွယ်ကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ် လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲတက်ရောက်သည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ပြိုင်ပွဲတွင် လူငယ်များအနေဖြင့် မိမိတို့၏ ခွန်အား၊ ကျွမ်းကျင်မှု ဉာဏ်ရည်ဉာဏ်သွေး၊ စည်းကမ်း၊ သည်းခံမှုနှင့်ရဲရင့်သော စိတ်ဓာတ်တို့ကို အစွမ်းကုန်ပြသယှဉ်ပြိုင်ကြပြီး ပြည်နယ်၏ လက်ဝှေ့အားကစားဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထားကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး လက်ဝှေ့ပြိုင်ပွဲအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ်သိန်း ၃၀ နှင့် လက်ဝှေ့ဆပ်ကော်မတီ တာဝန်ရှိသူများ၊ ပါဝင်ကူညီပံ့ပိုးပေးကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် လူငယ်လက်ဝှေ့သင်တန်းသား၊ သင်တန်းသူများက လက်ဝှေ့လေ့ကျင့်ခန်းများဖြင့် သရုပ်ပြသမှုကိုလည်းကောင်း၊ Grace အကအဖွဲ့က ကပြဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဖြိုးဝေလင်း (မန်ခိန်)နှင့် မိုက်ကယ်ဇော်ခေါင် (ဒူကထောင်)တို့၏ ယှဉ်ပြိုင်ထိုးသတ်မှုကို လက်ဝှေ့ဝါသနာရှင်ပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးကာ အနိုင်ရရှိသည့် လက်ဝှေ့အားကစားသမားကို ဂုဏ်ပြုဆုငွေပေးအပ်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် နန်းကွေ့ကျေးရွာ နယ်မြေ (၅) အတွင်းရှိ Grace ကလေးသူငယ်ပြုစုပျိုးထောင်ရေး မိဘမဲ့ကလေးဂေဟာသို့သွားရောက်ပြီး ဂေဟာရှိ မိဘမဲ့ကလေး ၃၂ ဦးအတွက် ဆန်အိတ် ၁၀ အိတ်၊ ဆီ ၁၀ ပိဿာနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ကာ ဂေဟာမှူး၏ လျှပ်စစ်မီးလိုအပ်ချက်တင်ပြမှုအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဂေဟာအတွင်းရှိ ကလေးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**အေးအေးဝင်း**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၉၇၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



**ကန့်ဘလူ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၉၇၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်၏ပြောကြားချက်အရ သိရသည်။

ကန့်ဘလူမြို့နယ်၌ စပါးစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး ယခုနောက်ပိုင်းတွင် တောင်သူများက ဈေးကွက်ဝင်သည့် ပဲမျိုးစုံကို ရွေးချယ်စိုက်ပျိုးလာကြကြောင်း၊ ကန့်ဘလူမြို့နယ်၌ ပဲမျိုးစုံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း၊ ပိုလျှံသည့်ပဲများကိုလည်း တခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများထည့်သွင်းရာတွင် သီးနှံပင်၏ သက်တမ်းအလိုက် အသုံးပြုရမည့်မြေဩဇာများ အချိုးအစားမှန်ကန်စေရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ထိရောက်မှုရှိပြီး အပင်အတွက် အကျိုးဖြစ်ထွန်းစေရေး၊ သဘာဝမြေဩဇာများကို အချိုးကျရောစပ်၍ အချိန်ကိုက်ကြဲပက်နိုင်စေရေးနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများနှင့်အညီစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၃၈၄၃၇ ဧက၊ ပဲတီစိမ်းဧက ၂၂၅၀၀၊ ထောပတ်ပဲ ၃၈၄၂ ဧက၊ စွန်တာနီ ၁၄၁၅ ဧက၊ စွန်တာပြာ ၇၂၄၄ ဧက၊ ကုလားပဲ ၇၀၈၉ ဧက၊ ပဲလွမ်း ၂၄၅၅ ဧက၊ စားတော်ပဲဧက ၁၀၄၄၀ နှင့်တခြားပဲ ၃၇၁၅ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်

**မိုးညှင်း အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းတက္ကသိုလ် ရတနာခန်းမ၌ အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးအတွက် အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၁၉ ရက်က ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားတွင် မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်က သင်တန်းတက်ရောက်လာကြသည့် ဆရာ၊ ဆရာမများကို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးမွန်ကျော်မြင့်က မွမ်းမံသင်တန်းသို့ တက်ရောက်လာကြသည့် မိုးညှင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့မှ ဆရာ၊ ဆရာမများကို သင်တန်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ကြားပို့ချမည့် စာသင်ဆောင်များတွင် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းနည်းပြများက စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချနေမှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ညောင်လေးပင်မြို့နယ်၌ မီးခိုးမြူငွေ့လျော့နည်းစေရေးနှင့် သဘာဝမြေဩဇာနှင့် တိရစ္ဆာန်အစာပြုလုပ်နည်းအသိပညာပေးဟောပြော



**ညောင်လေးပင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့လျော့နည်းစေရေးနှင့် သဘာဝမြေဩဇာနှင့် တိရစ္ဆာန်အစာပြုလုပ်နည်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၀ ရက်တွင် ဖိုးတုပ္ပံကျေးရွာအုပ်စု ဖိုးတုပ္ပံရွာမကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မီမီအောင်က မီးခိုးမြူငွေ့ဖြစ်ပွားစေသည့်အကြောင်းအရာများ၊ အမှိုက်သရိုက်များ၊ တောင်ယာမီး၊ တောမီးရှို့ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပွားစေပြီး ရှူရှိုက်မိသူများအား ကျန်းမာရေးထိခိုက်စေနိုင်ခြင်းကြောင့် လေထုညစ်ညမ်းမှုလျော့နည်းစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က တောင်သူများ ဓာတ်မြေဩဇာလျှော့ချသုံးစွဲရေး၊ သဘာဝမြေဩဇာသုံးစွဲနိုင်ရေးအတွက် သဘာဝမြေဩဇာပြုလုပ်နည်းနှင့် တိရစ္ဆာန်အစာရှားပါးမှုမရှိစေရေး တိရစ္ဆာန်အစာပြုလုပ်နည်းတို့ကို အသိပညာပေးဟောပြောကြောင်း သိရသည်။ **သော်ဇင်ထူး**

# စာဖတ်ရှိန်မြှင့်တင်ရေး Youth Club အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စာဖတ်ဝိုင်းကျင်းပ



**ရွှေတောင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်များရရှိစေရန်နှင့် စာပေဝါသနာပါသူ အချင်းချင်းရင်းနှီးစေရန်အတွက် Youth Club အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စာရေးဆရာ ဆရာကြီး ရွှေဥဒေါင်းရေးသားသော ယဉ်ကျေးမှုနှင့်ကိုယ်ကျင့်တရား စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က စာဖတ်ဝိုင်းပြုလုပ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်အယူအဆများကို နှီးနှောဖလှယ်နိုင်ခြင်း၊ စာဖတ်ရန် ဝါသနာပါခြင်း၊ စာအုပ်စာပေနှင့် မိတ်ဆွေဖွဲ့၍ လေ့လာဆည်းပူးခြင်း၊ စာများများဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ ပိုမိုရရှိလာမည်ဖြစ်ကြောင်းနှင့် စာဖတ်ဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Youth Club အဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများက စာရေးဆရာ ဆရာကြီး ရွှေဥဒေါင်းရေးသားသော ယဉ်ကျေးမှုနှင့်ကိုယ်ကျင့်တရားစာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ရာ Youth Club အဖွဲ့ဝင်များက မိမိတို့၏ အတွေးအမြင်၊ အယူအဆ၊ ခံယူချက်စိတ်ထားများကို အချင်းချင်းအပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်ပြပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းပညာပေးပိုစတာ၊ လေပြင်းဘေးအန္တရာယ် အသိပညာပေးပိုစတာများပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

◆ **ရှေ့ဖုံးမှအဆက်**

လက်ဝင်ခြင်းတို့ကြောင့် မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တဖြည်းဖြည်းပျောက်ကွယ်လုနီးပါးဖြစ်လာကြောင်း သိရသည်။

ယခင်က ညောင်ဦးမြို့၊ ပုဂံမြို့၊ မင်းနန်သူကျေးရွာ၊ အရှေ့ဖွားစောကျေးရွာ၊ အနောက်ဖွားစောကျေးရွာ၊ မြင်းကပါကျေးရွာတို့၌ မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါ မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ လေးဦးခန့်သာ ရှိတော့ကြောင်း သိရသည်။

ယွန်းထည်ပြုလုပ်ရာတွင် တင်းဝါးယွန်းထည်၊ သစ်သားယွန်းထည်၊ မြင်းမြီးယွန်းထည်ဟူ၍သုံးမျိုးရှိကြောင်း၊ မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်သည် လုပ်ကိုင်ရလက်ဝင်ကြောင်း၊ ပါးလွှာသည့် ဝါးနီးဖြာလေးများကြားတွင် မြင်းမြီးတစ်ချောင်းစီထည့်ကာ အသေးစိတ်ရက်လုပ်ရကြောင်း၊ လေးလက်မခွက်တစ်လုံး ရက်လုပ်လျှင်ပင် အချိန်တစ်နာရီခွဲခန့်ကြာမြင့်ကြောင်း၊ အဝိုင်းပုံ၊ အလုံးပုံ ယွန်းထည်များကို မြင်းမြီးဖြင့်ရက်လုပ်ပြီး ထောင့်ချိုး၊ ထောင့်ကွေး ယွန်းထည်များကို ပုံမှန်ဝါးနီးဖြင့်သာ ရက်လုပ်ခြင်းဖြစ်ကြောင်း၊ မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်ပစ္စည်းများသည် ပျော့ပျောင်းကာ အရည်အသွေးအလွန်ကောင်းမွန်ကြောင်း သိရသည်။


မြင်းမြီးဖြင့်ရက်လုပ်ရာတွင် ခက်ခဲသောကြောင့် လက်ရှိတွင် မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းပျောက်ကွယ်မသွားစေရန် ယွန်းလုပ်ငန်းရှင်များ ထိန်းသိမ်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

## မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**




# သဃ်ာန်းကျွန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်အမည်စာရင်းရပ်ကွက်များ အလိုက်ကြေညာ၊ ပြည်သူများလာရောက်ကြည့်ရှု

သဃ်ာန်းကျွန်း အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် ရပ်ကွက်များအတွင်းရှိရပ်ကွက်နေ ပြည်သူများ မိမိတို့၏နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ ဆန္ဒမဲပေးနိုင်ရန်အတွက် မိမိတို့မဲစာရင်းများကို ရပ်ကွက်များအလိုက် ပထမအကြိမ် ကြေညာထားရှိပြီး မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိ အမည်စာရင်းပါ/မပါ၊ မဲစာရင်းပါအချက် အလက်များမှားယွင်းမှုရှိ/မရှိကိုသက်ဆိုင်ရာ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာခြင်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာ လ ၃၀ ရက်မှ အောက်တိုဘာလ ၂၀ ရက် အထိ ကြေညာထားလျက်ရှိရာ ယနေ့တွင်လည်း နံနက်ပိုင်းကစတင်ကာ မဲစာရင်းများ လာရောက်ကြည့်ရှုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့ရပ်ကွက်တွင်မဲစာရင်းကြေညာထားရှိမှုအား မိမိတို့၏ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေဖို့ ဆန္ဒမဲပေးနိုင်ရန်အတွက်သွားရောက်ကြည့်ရှုပြီး မဲစာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ (၃)တွင် မိမိအမည်ထည့်သွင်းပေးပါရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များမှားယွင်းနေပါက ပုံစံ (၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သောပုံစံများကိုလည်း သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံးများတွင် အခမဲ့ထုတ်ယူနိုင်ကြောင်းနှင့် မဲဆန္ဒရှင်စာရင်းများအား ပြည်သူများ နေ့စဉ် လာရောက်ကြည့်ရှုလျက်ရှိကြောင်းသတင်း ရရှိသည်။

ဇော်မိုး(သဃ်ာန်းကျွန်း)

# နောင်ချိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်လှစ်

နောင်ချို အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲပေးစက်ကိုင်တွယ်အသုံးပြုမည့်မဲရုံအဖွဲ့ဝင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို အောက်တိုဘာလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နောင်ချိုမြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးဦးစိုင်းထူးလင်းကျော်ဦးဆောင်သောကော်မရှင်အဖွဲ့ခွဲဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသသည်။

၎င်းနောက် တက်ရောက်လာကြသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအား မဲပေးစက်တပ်ဆင်အသုံးပြုခြင်း၊ ဖြုတ်သိမ်းခြင်းများကို လက်တွေ့ဆောင်ရွက်စေပြီး သင်တန်းသို့ တစ်ရက်လျှင် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၉၂ ဦးတက်ရောက်ကြောင်းနှင့် သင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိပို့ချပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး နေပြည်တော်တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာအသိပညာပေး

## အဓမ္မခိုင်းစေမှုပပျောက်ရေး

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့်ပူးပေါင်း၍ တိုင်ကြားမှုယန္တရား ထူထောင်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) မှအဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## အဓမ္မခိုင်းစေမှုဆိုသည်မှာအဘယ်နည်း

အဓမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက သို့မဟုတ် မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုဖြင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ခိုင်းစေသောအလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အဓမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက်ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်းတားမြစ်ထားပါသည်။

## တိုင်ကြားခြင်းဖြင့်မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(NCM)ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အဓမ္မခိုင်းစေမှုရှိပါက ပြည်သူများအနေဖြင့် အလွယ်တကူတိုင်ကြားနိုင်ရန်နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ထိရောက်စွာ အရေးယူဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနှင့်လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေးရှု၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သင်၏ တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တစ်နည်းတစ်ဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အဓမ္မခိုင်းစေသူ၏ လုပ်ရပ်များအတွက် ထိုက်သင့်သော ပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်းတို့ကို မျှော်လင့်နိုင်ပါသည်။




## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် သို့မဟုတ် ခရိုင်အဆင့်ရှိ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများထံတိုင်ကြားလျှင် သင့်လျော်မည်ဟုထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်နိုင်ပါသည်။ အဓမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသောကိစ္စရပ်များတွင် စိုးရိမ်မကင်းဖြစ်မှုကိုနီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြနိုင်ပါသည်။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက် မသင့်လျော်ဟုထင်မြင်ပါက သို့မဟုတ် အဆိုပါ တိုင်ကြားမှုနှင့် စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် အားရကျေနပ်မှုမရှိပါက သက်ဆိုင်သော အချက်အလက် အထောက်အထားများဖြင့် တိုင်ကြားချက်ကို အောက်ပါအတိုင်းလိပ်မူပေးပို့နိုင်ပါသည်။

**အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား**
**(National Complaint Mechanism-NCM)**
ဖုန်း- ၀၆၇-၃၄၃၀၀၉၀၊ ၀၆၇-၃၄၃၀၂၇၃၊ ၀၆၇-၃၄၃၀၄၃၆
E-mail directorgeneral.dol@gmail.com
moloffice51@gmail.com
organizationresearch25@gmail.com

## မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့်ပဏာမ တိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ် သို့မဟုတ် ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့်တိုင်ကြားနိုင်ပါသည်။ သို့မဟုတ် နီးစပ်ရာတပ်သားသစ်စုဆောင်းရေး စခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက သို့မဟုတ် မနှစ်သက်ပါက အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM)သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့် ဆက်နွှယ်နေသူများနှင့် အဓမ္မခိုင်းစေခံရသူများအား အနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန်အရေးယူခြင်းတို့ကို NCM မှ အကာအကွယ်ပေးထားပါသည်။ NCM သည်တန်ပြန်အရေးယူခြင်းမရှိသည်ကိုမှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ အဓမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ကိုယ်စားလှယ် (များ) သို့မဟုတ် အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာဆက်သွယ်ခွင့်ရှိပါသည်။

## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် နေထိုင်သူ တစ်ဦးဖြစ်သည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးမှတိုင်ကြားနိုင်ပါသည်-

၁။ အဓမ္မခိုင်းစေခံရသူ သို့မဟုတ်

၂။ အဓမ္မခိုင်းစေခံရသူ၏ ဆွေမျိုးသားချင်း သို့မဟုတ်

၃။ အခြားသက်ဆိုင်သောပုဂ္ဂိုလ်

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင်သင်၏ တောင်းဆိုချက်အရ NCM မှ သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန် အလို့ငှာဖြစ်နိုင်ပါက အဓမ္မခိုင်းစေသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။


ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ (ရှိခဲ့လျှင်)ကို ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့် စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပပျောက်သွားသည်အထိ တိုင်ကြားချက်မပြုလုပ်မီရှင်းပြသွားမည်ဖြစ်ပါသည်။

## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ်အချက်အလက်များအားရှင်းလင်းစေရန် လိုအပ်ပါက NCM မှ တိုင်ကြားသူနှင့် တွေ့ဆုံမှုပြုလုပ်ရန် စီစဉ်ရမည် သို့မဟုတ် သင့်လျော်ပါက တိုင်ကြားမှုပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ NCM ရုံးအဖွဲ့သည် အချက်အလက်များမှန်ကန်မှု ရှိမရှိစိစစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။





# “စာကျက်ချိန် တိုလေ၊ စာရလေ”

ဒေါက်တာမိမိကြီး(IR)

ကျွန်မတို့သည် အကြောင်းအရာတစ်ခုကို လေ့လာကျက်မှတ်ရာတွင် အချိန်ကြာကြာကျက်မှတ်ဖို့ကိုသာ အဓိကထားစဉ်းစားမိတတ်ကြသည်။ ၂၀၁၅ ခုနှစ် မတ်လတွင် အမေရိကန်နိုင်ငံ ပီးယားစ်ကောလိပ်မှ စိတ်ပညာပါမောက္ခ ဒေါက်တာမာတီ လော့ဘ်ဒဲလ်က “စာကျက်ချိန်တိုလေ စာရလေ” (Study Less, Study Smart) ဟူသည့်စာအုပ်ကို ထုတ်ဝေခဲ့ပြီး ကျောင်းသားတို့ စာကိုအချိန်အကြာကြီး နှုတ်တိုက်ကျက်နေစရာမလိုဘဲ လွယ်လွယ်ကူကူနှင့် စာရစေမည့် စာကျက်နည်းစနစ်ကို ဖော်ထုတ်ခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းတွင် ဒေါက်တာလော့ဘ်ဒဲလ်၏နည်းစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြသည်။ ပရော်ဖက်ဆာ လော့ဘ်ဒဲလ်သည် ဝါရှင်တန်ပြည်နယ် ပီးယားစ်ကောလိပ်တွင် အနှစ် ၄၀ ကျော် စိတ်ပညာဘာသာရပ်ကိုသင်ကြားခဲ့သော စိတ်ပညာပါမောက္ခတစ်ဦးဖြစ်သည်။ သူ၏ကျောင်းသားများသည် စာမေးပွဲဖြေဆိုရန် တစ်နေ့ ရှစ်နာရီမှ ၁၀ နာရီခန့် ဆက်တိုက်စာကျက်မှတ်နေခဲ့သော်လည်း စာမရ၊ စာမေးပွဲမဖြေနိုင်ဖြစ်နေကြကြောင်းကို သိရပြီးနောက် လော့ဘ်ဒဲလ်သည် ကျောင်းသားတို့၏ဦးနှောက်မှ သင်ခန်းစာများကို မမေ့ရန်နှင့် လွယ်လွယ်မှတ်မိနိုင်ရန် အထောက်အကူပြုမည့်နည်းစနစ်များကို လေ့လာဖော်ထုတ်ခဲ့သည်။ အချက်(၆)ချက်ပါ လော့ဘ်ဒဲလ်၏ စာကျက်နည်းအရ ကျောင်းသားတို့သည် စာကျက်ရာတွင် အချိန်တိုလေးများခွဲ၍ ခဏခဏကျက်ခြင်းအားဖြင့် စာတွင်အာရုံစူးစိုက်မှုပိုရစေပြီး ပိုမိုမှတ်မိစေမည်ဖြစ်သည်။

**မိနစ် ၂၀၊ နာရီဝက်ခန့် စာကျက်ချိန်ကလေးများအဖြစ် အလီလီခွဲ၍ကျက်ပါ။**

လေ့လာဆန်းစစ်ချက်အရ ပုံမှန်အားဖြင့် လူတို့သည် အကြောင်းအရာတစ်ရပ်ကို ဆက်တိုက် ၂၅ မိနစ်၊ နာရီဝက်ထက်ပို၍ အာရုံမစူးစိုက်နိုင်ကြပါ။ ထို့ကြောင့် စာကျက်သည်ဖြစ်စေ၊ စာသင်ခန်းထဲတွင်သင်ယူသည်ဖြစ်စေ သို့မဟုတ်ကျောင်းစာအုပ်များ ဖတ်ရှုလေ့လာသည်ဖြစ်စေ၊ ကျောင်းသားတို့သည် နာရီဝက်လျှင်တစ်ကြိမ် လေး၊ ငါးမိနစ်ခန့် အခြားအာရုံပြောင်း၍ဦးနှောက်ကိုအနားပေးသင့်သည်ဟုဆိုသည်။ စာကျက်နေသောစားပွဲမှထ၍ တစ်ခုခုလုပ်ခြင်း၊ သီချင်းနားထောင်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားကစားခြင်း စသည့်အပြောင်းအလဲတစ်ခုခုဖြင့် ဦးနှောက်ကို ခေတ္တအနားပေးရမည်ဖြစ်သည်။ ပါမောက္ခ လော့ဘ်ဒဲလ်က ၎င်း၏ဟောပြောပွဲတွင် ဒိုင်ယာဂရမ်တစ်ခုဆွဲ၍ လူ့ဦးနှောက်၏ အလုပ်လုပ်ပုံကိုရှင်းပြခဲ့သည်။ ယေဘုယျအားဖြင့် လူ့ဦးနှောက်သည် နာရီဝက်ခန့် အာရုံစူးစိုက်မှတ်သားပြီးလျှင် စွမ်းရည်ကျသွားပြီး နောက်ထပ်မှတ်သားသမျှကို မမှတ်မိဘဲဖြစ်လာတတ်သည်။ ထို့ကြောင့်ကျောင်းသားတို့သည် စာကိုနာရီပေါင်းများစွာ ဆက်တိုက်ကျက်မှတ်နေခဲ့ပါက အချိန်သာကုန်ပြီး အကျိုးရလဒ်မရှိတတ်။ နာရီဝက်တစ်ကြိမ် မိမိဦးနှောက်ကိုအနားပေးပြီး တစ်ဖန်လန်းဆန်းတက်ကြွလာမှ စာပြန်ကျက်သင့်သည်။ ဤသို့နာရီဝက်ခန့်ကျက်လိုက်၊ ခဏနား၍ အပန်းဖြေလိုက်၊ နောက်နာရီဝက်ခန့်ကျက်လိုက်ဆိုလျှင် မပင်မပန်းဘဲ သင်ခန်းစာကိုမှတ်မိကာ ကျက်သမျှ အကျိုးရှိစေမည်ဖြစ်သည်။ ဥပမာ-စာကျက်ချိန် စုစုပေါင်း ခြောက်နာရီဆိုလျှင် နာရီဝက်လျှင် နားချိန် ငါးမိနစ်ခန့်နုတ်လိုက်ပါက ငါးနာရီခွဲ အပြည့်အဝ စာကျက်ပြီးသားဖြစ်သွားမည်။ မနားဘဲ ခြောက်နာရီ ဆက်တိုက်ကျက်မှတ်နေသောကျောင်းသားမှာမူ ပထမနာရီဝက်နောက်ပိုင်းတွင် ဦးနှောက်၏အလုပ်လုပ်မှုသည် နှေးကွေးလာပြီး အချိန်ကြာမြင့်စွာ ကျက်မှတ်နေသော်လည်း စာမရဖြစ်နေလိမ့်မည်။ ထို့ကြောင့် အချို့ကျောင်းသားများသည် စာမေးပွဲနီးမှ ညလုံးပေါက်စာကျက်ပြီး စာမေးပွဲကျသည်ဟူသော သတင်းမျိုးကြားနေရခြင်းဖြစ်သည်။

ပရော်ဖက်ဆာ လော့ဘ်ဒဲလ်က တစ်နေ့တာ စာကျက်ပြီးချိန်တွင် ကိုယ့်ကိုယ်ကိုယ်ဆုချခြင်းသည်လည်း မိမိဦးနှောက်တွင် အပြုသဘောဆောင်သော ဓာတုပစ္စည်းများထွက်လာအောင် အထောက်အကူပြုသည်ဟုဆိုသည်။ ဥပမာ-တစ်နေ့တာအတွက် ထိထိရောက်ရောက် စာကျက်ပြီးချိန်တွင် မိမိနှစ်သက်ရာ ရုပ်ရှင်၊ သီချင်း၊ ဝတ္ထုတို့ကိုဖတ်ရှုခြင်း၊ ကြည့်ခြင်း၊ သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း စသည်ဖြင့် မိမိကိုယ်မိမိအလိုလိုက်ခဲ့ပါက ဦးနှောက်သည် စာကျက်မှတ်ခြင်းအပေါ် အပြုသဘောဆောင်လာပြီး စာကျက်လိုစိတ်ကို လေ့ကျင့်မွေးမြူပြီးဖြစ်သွားသည်ဟုဆိုသည်။ ဤနည်းအားဖြင့် တစ်ချိန်ထက်တစ်ချိန် ပို၍ကြာကြာကျက်မှတ်နိုင်လာမည်ဖြစ်သည်။

**စာကျက်မည့်နေရာ သီးသန့်စီစဉ်ထားပါ။**

ကျွန်မတို့ပတ်ဝန်းကျင်သည် ကျွန်မတို့၏အပြုအမူ၊ စိတ်အခြေအနေပေါ်တွင် များစွာလွှမ်းမိုးနိုင်စွမ်းရှိသည်။ စဉ်းစားကြည့်ပါ။ စာသင်ခန်းထဲရောက်လျှင် ကျောင်းသားများသည် သင်ခန်းစာကိုလေ့လာရန် အဆင်သင့်ဖြစ်နေကြသည်။ ပါမောက္ခကစာမေးလျှင် ဖြေရန်အသင့်ရှိသည်။ အိမ်မှာနေလျှင် ကျွန်မတို့သည် အိပ်ရာပေါ်လှဲနေလိုက်ပါက မကြာခင်အိပ်ပျော်သွားသည်။ မီးဖိုခန်းထဲမှာထိုင်နေလျှင် တစ်ခုမဟုတ်တစ်ခုစားမိတတ်ကြသည်။ အကြောင်းမှာ ကျွန်မတို့၏ပတ်ဝန်းကျင်သည် ကျွန်မတို့၏စိတ်အခြေအနေကို တိမ်းညွှတ်စေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အိပ်ရာပေါ်တွင် စာကျက်ပါက အိပ်ပျော်သွားတတ်ပြီး မီးဖိုခန်းထဲတွင်စာကျက်ပါက အစားအသောက်တွေကိုသာ အာရုံပြုမိပြီး စာကိုအာရုံစိုက်မရဖြစ်တတ်သည်။ ဧည့်ခန်းနေရာသည် ဧည့်သည်တွေ့ခြင်း၊ တီဗွီကြည့်ခြင်း၊ စကားစမြည်ပြောဆိုခြင်း စသည်တို့ လုပ်ဆောင်လေ့ရှိသည့်နေရာဖြစ်သည်။ ထို့ကြောင့် ဧည့်ခန်းထဲ စာထိုင်ကျက်ပါက ကျောင်းသား၏အာရုံသည် လေ့လာနေသောသင်ခန်းစာတွင် စူးစိုက်၍ မရနိုင်။ ဘေးမှာထိုင်နေသော တီဗွီကြည့်နေသူများ၊ စကားပြောနေသော အိမ်သားများထံ စိတ်ရောက်နေတတ်သည်။ စိတ်စုစည်း၍ စာကျက်မှတ်ရန်မဖြစ်နိုင်။ စာကျက်မည့်နေရာကို သတ်သတ်မှတ်မှတ်ထားခဲ့ပါက ကျွန်မတို့သည် စာကျက်မည့်နေရာတွင် ထိုင်လိုက်သည်နှင့် စာကျက်လိုစိတ်ကြီးစိုးလာလိမ့်မည်။

**စိတ်ဝင်စားစွာလေ့လာပါ။**

ကျွန်မတို့သည်လေ့လာသင်ယူနေသောအကြောင်းအရာကို စိတ်ဝင်စားလေလေ၊ နားလည်တတ်မြောက်ရန် လွယ်ကူလေလေဖြစ်သည်။ စာတစ်ပိုဒ်ကို အလွတ်ကျက်မည့်အစား အကြောင်းအရာတစ်ခုလုံးကို အကြိမ်ကြိမ်နားလည်အောင်ဖတ်ရှုခြင်းအားဖြင့် စာကိုလွယ်လွယ်ကူကူ မှတ်မိလာမည်ဖြစ်သည်။ သို့သော် မလေ့လာမီ မိမိလေ့လာကျက်မှတ်မည့် အကြောင်းအရာသည် အချက်အလက်လား (Facts)၊ အယူအဆလား(Concepts) ဆိုသည်ကို အမျိုးအစားခွဲရမည်ဖြစ်သည်။ ဥပမာအားဖြင့် လေ့လာနေသော အကြောင်းအရာသည် အမည်များ၊ ခုနှစ်များအဖြစ်အပျက်များဆိုပါက ယင်းတို့သည် အချက်အလက်များဖြစ်သည်။ သဘောသဘာဝကို စဉ်းစားရမည်ဆိုပါက အယူအဆဖြစ်သည်။ အယူအဆများမှာ အချက်အလက်ထက်ပို၍အရေးကြီးသည်။ ဥပမာအားဖြင့် အစိုးရဆိုသည်မှာဘာလဲ၊ နိုင်ငံရေးကို ဘာကြောင့်လေ့လာသလဲ စသည်တို့သည် အယူအဆများဖြစ်သည်။ ကြောင်သုံးကောင်ဆိုလျှင် အချက်အလက်ဖြစ်ပြီး ကြောင်ဆိုတာဘာလဲဟု လေ့လာလျှင် အယူအဆဖြစ်သည်။ အယူအဆတို့ကိုလေ့လာရာတွင် ပထမဦးစွာ အစိုးရ၊ နိုင်ငံရေး၊ ကြောင် စသည့် သဘောတရားများကို အရင်နားလည်ဖို့လိုလာသည်။ အယူအဆကိုလေ့လာရာတွင် ၎င်းတို့ အလုပ်လုပ်ပုံကို ကောင်းစွာနားလည်မှသာ ကျွန်မတို့ခေါင်းထဲတွင် အဓိပ္ပာယ်ကို စွဲမြဲမှတ်မိမည်ဖြစ်သည်။ တစ်ဖက်တွင် အချက်အလက်များသည် အလွယ်တကူမေ့လျော့သွားနိုင်သည်။ သို့သော်လည်း ဂူဂဲလ်တွင် အချက်အလက်များကို အချိန်မရွေး လွယ်လွယ်ကူကူ ရှာဖွေဖတ်ရှုနိုင်သောကြောင့် မေ့သွားလည်းအရေးမကြီးပါ။ စာမေးပွဲဖြေဆိုရာတွင်မူ အချက်အလက်ရော၊ အယူအဆများပါ အလွတ်ရမှတ်မိနေရန်လိုအပ်သည်။ အယူအဆများအား နားလည်မှတ်မိနေစေရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ၎င်းတို့ကို မိမိကိုယ်ပိုင်စကားလုံး၊ ကိုယ်ပိုင်ဝါကျများဖြင့် ချရေးကြည့်ရန်နှင့် ရွတ်ဆိုကြည့်ရန်ဖြစ်သည်။

**ထိရောက်သော မှတ်စုများပြုစုပါ။**

စာသင်ချိန်တစ်ချိန်ပြီးသွားလျှင် တတ်နိုင်သမျှ မှတ်မိသလောက်ကို မှတ်စုတိုများ ချက်ချင်းချရေးပါ။ အရေးကြီးအချက်အလက်များကို ခေါင်းစဉ်ငယ်များတပ်၍ရေးပါ။ ဤနည်းအားဖြင့် သင်ခန်းစာပါ အယူအဆတို့ကို စိတ်ထဲတွင်ခိုင်မာစွဲမြဲစေသည်။ မှတ်ဉာဏ်၏သဘောအရ အကြောင်းအရာတစ်ခုသည် သင်ယူပြီး ၂၄ နာရီအကြာတွင် ၃၀ ရာခိုင်နှုန်းသာ မှတ်မိတော့သည်ဟုဆိုသည်။ ဦးနှောက်ထဲရှိ မှတ်ဉာဏ်နေရာသည် အကန့်အသတ်ရှိသောကြောင့် ဦးနှောက်သည် အကြောင်းအချက်အသစ်များကို ယာယီမှတ်ဉာဏ်တွင် မှတ်သားထားလေ့ရှိသည်။ ကျွန်မတို့က ယင်းအချက်အလက်များကို ထပ်တလဲလဲ ပြန်မဖတ်ပါက ၎င်းတို့သည် တဖြည်းဖြည်းမေ့လျော့ပျောက်ကွယ်သွားသည်။

**သင်လေ့လာမှတ်မိသမျှကို အနှစ်ချုပ်ပါ။ သို့မဟုတ် အခြားတစ်ယောက်ကို ပြန်ရှင်းပြပါ။**

သင်ရိုးစာအုပ်များကို လေ့လာဖတ်ရှုရာတွင် ထိထိရောက်ရောက်ဖတ်ရှုတတ်ရန်လိုပါသည်။ SQ3R (Survey, Question, Read, Recite, Review) နည်းစနစ်ကိုသုံးကြည့်ပါ။ ဦးစွာလေ့လာရမည့်သင်ရိုးစာအုပ် (Textbook)ကို ပထမတစ်ခေါက် အစအဆုံး အကြမ်းဖတ်ကြည့်ပါ။ ထို့နောက် သင်ရိုးထဲတွင်ပါသည့် အဓိကအချက်များကို မေးခွန်းထုတ်စဉ်းစားပါ။ တစ်ဖန်ပြန်ဖတ်ပါ။ အလွတ်ပြန်ဆိုကြည့်ပါ။ သုံးသပ်တွေးကြည့်ပါ။ ဤနည်းအားဖြင့် ကျွန်မတို့သည် သင်ရိုးပါအချက်အလက်များကို ထိထိရောက်ရောက် နားလည်သဘောပေါက် မှတ်မိလာမည်ဖြစ်သည်။

ပရော်ဖက်ဆာ လော့ဘ်ဒဲလ်က အကောင်းဆုံးသင်ယူနည်းသည် အခြားသူများကိုပြန်လည်သင်ကြားပေးခြင်း၊ ရှင်းပြခြင်းဖြစ်သည်ဟုဆိုခဲ့သည်။ ကျွန်မတို့သည် အခြားတစ်ဦးကို ပြန်ရှင်းပြနိုင်ရန်အတွက် ယင်းအကြောင်းအရာကို အမှန်တကယ်နားလည်သဘောပေါက်ထားရန်နှင့် ခြုံငုံနားလည်ရန်လိုအပ်သည်။ ကျွန်မတို့နားလည်မှတ်မိသမျှကို ပြန်လည်စုစည်းနိုင်ရန်လည်း လိုအပ်သဖြင့် ဦးနှောက်သည် အထူးအာရုံစိုက်၍ မှတ်သားလာရသည်။ အကြောင်းအရာနှင့်ပတ်သက်၍ သိမထားသူတစ်ဦးကို ရှင်းပြရသောအခါ ကျွန်မတို့သည် ကျွန်မတို့၏နားလည်သဘောပေါက်မှုတွင် လိုအပ်ချက်များ၊ အားနည်းချက်များကို သိမြင်လာသည်။ ယခင်က နားလည်သလိုလိုနှင့် အမှန်တကယ် နားမလည်သေးသောအချက်များကို တွေ့လာသည်။ ကျွန်မတို့သည် အကြောင်းအရာတစ်ခုကို ကိုယ်တိုင်က သေသေချာချာနားလည်မှသာလျှင် အခြားသူများကို ပြန်ရှင်းပြနိုင်မည်ဖြစ်၍ အမှန်တကယ် နားလည်နိုင်အောင်ကြိုးစားရင်း အကြောင်းအရာကို ကျွမ်းကျင်ပိုင်နိုင်လာမည်ဖြစ်သည်။

**အချက်အလက်များ နည်းလမ်းများကိုသုံးပါ။**

အလွတ်ကျက်မှတ်ရမည်ဆိုလျှင် မှတ်မိလွယ်စေမည့်အချက်အလက်များသည် အယူအဆများကဲ့သို့ တကယ့်အဓိပ္ပာယ်နှင့် ကြောင်းကျိုးဆက်စပ်ပြီး မှတ်သားရန်မလွယ်ဖြစ်တတ်သည်။ ထို့ကြောင့် ကျောင်းသားအများစုသည် နှုတ်တိုက်အလွတ်ကျက်သည့်နည်းလမ်း (rote memorization)ဘက်သို့ ဦးတည်သွားတတ်ကြသည်။ အမှန်မှာ ကျွန်မတို့သည် မှတ်မိလွယ်စေမည့်နည်းလမ်းများကိုသုံး၍ အချက်အလက်များကို ကျက်မှတ်နိုင်သည်။ ပရော်ဖက်ဆာ လော့ဘ်ဒဲလ်က လွယ်လွယ်မှတ်မိစေမည့် အလွတ်ကျက်မှတ်နည်းများကို ရှင်းပြထားသည်။

ပထမနည်းစနစ်မှာ ထိပ်စည်းအက္ခရာများကိုယူ၍ မှတ်သားနည်းဖြစ်သည်။ ဥပမာ သက်တံတွင်ပါဝင်သောအရောင်များကို ကျက်မှတ်လိုပါက (VIBGYOR) “ပန်းခရမ်းပြာ ပြာစိမ်းဝါလိမ်နီ” ဟုမှတ်ခြင်းမျိုးဖြစ်သည်။ ပန်းခရမ်း၊ ခရမ်းပြာ၊ အပြာ၊ အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီဟူသည့် သက်တံရောင်စဉ်ခုနစ်မျိုးကို

**စာမျက်နှာ ၁၄ သို့ ⊃**

➲ စာမျက်နှာ ၁၃ မှအဆက်

အစဉ်လိုက်မှတ်မိသွားစေမည်ဖြစ်သည်။ ကုန်းဘောင်မင်းဆက်(၁၁)ဆက်ကို ကျက်မှတ်လိုပါက “လောင်းနောင်ဆင်စဉ့် မောင်ဘိုးဘသာ ပုမင်းသီ” ဟုမှတ်ခြင်းမျိုးဖြစ်သည်။

ဒုတိယနည်းမှာ အသံတူများ၊ စကားပုံများကိုအသုံးပြု၍ မှတ်သားနည်းဖြစ်သည်။ သီချင်း၊ ကဗျာပုံစံစပ်၍လည်း မှတ်သားနိုင်သည်။ ဥပမာအားဖြင့် ကားမောင်းသမား(Chauffeur)၏ အသံထွက်ရှိုဖာကို မမှတ်မိဘဲဖြစ်နေပါက ဆိုဖာ(Sofa)ပေါ်မှာ ရှိုဖာထိုင်နေတယ်ဟု မှတ်လိုက်ပါ။ ထိုအခါ Chauffeur ကိုမြင်သည်နှင့် အသံထွက်ဆိုဖာ၊ ရှိုဖာဟူ၍တွဲပြီး အသံထွက်အမှန်ကို ချက်ချင်းသတိရသွားမည်ဖြစ်သည်။

တတိယနည်းမှာ ကျက်မှတ်လိုသောအချက်အလက်များကို ရယ်ရွှင်ဖွယ်ပုံရိပ်များအဖြစ်လည်းကောင်း၊ ကိုးရိုးကားရား၊ အူကြောင်ကြောင်ပုံရိပ်များအဖြစ်လည်းကောင်း စိတ်ကူး၍ ဆက်စပ်ပုံဖော်ကြည့်ခြင်းဖြစ်သည်၊ ဥပမာအားဖြင့် ကမ္ဘာကျော်မင်းသား၊ ရေခဲမုန့်၊ လေထီး၊ ကမ္ဘာကျော်ရုပ်တု၊ စက်ိတ်စသည်စကားလုံးတို့ကို သူ့ချည်းအလွတ်ကျက်ရမည်ဆိုပါက မှတ်မိရန်မလွယ်သော်လည်း အကယ်၍ ကမ္ဘာကျော်မင်းသားက ရေခဲမုန့် စားနေသည်ကိုမြင်ယောင်ကြည့်ပါ။ ထိုအချိန်တွင် လေထီးကျလာပြီး လေထီးနှင့်အတူ ကမ္ဘာကျော်ရုပ်တုကြီးပါလာသည်ကို စိတ်ကူးကြည့်ပါ။ ကမ္ဘာကျော်ရုပ်တုကြီးသည် မြေပြင်ပေါ်ရောက်လာပြီးနောက် စက်ိတ်စီး၍ ထွက်သွားသည်ကိုမြင်ယောင်ကြည့်ပါ။ ထိုသို့ အူကြောင်ကြောင် စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်းပုံဖော်၍မှတ်သားပါက အချက်အလက်တို့သည် မှတ်ရလွယ်လာကြောင်းတွေ့ရလိမ့်မည်။ အထက်ပါနည်းလမ်းများအပြင် လေ့ကျင့်ခန်းလုပ်ခြင်း၊ အိပ်ရေးဝအောင်အိပ်ခြင်းတို့သည်လည်း မှတ်ဉာဏ်တိုးတက်စေသည်ဟုဆိုသည်။

နိဂုံးချုပ်ရသော် ကျောင်းသားတို့နားလည်ရမည်မှာ စာကျက်ချိန်များတိုင်း စာရသည်မဟုတ်၊ နည်းမှန်လမ်းမှန်ကျက်မှတ်မှသာ အချိန်ကုန်သမျှ အကျိုးရှိမည်ဖြစ်ပြီး ကျက်သလောက်လည်း မှတ်မိနိုင်မည်ဖြစ်ကြောင်းသိထားရမည်။ ထို့အတွက် စာသင်သားတို့ မပင်မပန်းနှင့် ထိရောက်စွာကျက်မှတ်ကြရန် အကြံပြုတင်ပြလိုက်ပါသည်။ ။

# (၂၄)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင် အခမ်းအနားနှင့် သံဃာ့ဒါနလောင်းလှူပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက်ရှိ အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ အောက်တိုဘာလ ၁၉ ရက်တွင် (၂၄)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲစာအောင်ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် သံဃာ့ဒါနလောင်းလှူပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းနိုင်က (၂၄)ကြိမ်မြောက်ကမ္ဘောဇသာမဏေကျော် စာမေးပွဲကျင်းပအောင်မြင်မှုအခြေအနေများကို ဆရာတော်များအား ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက ကမ္ဘောဇဘွဲ့ရသာမဏေကျော်များအား ဘွဲ့ပုံတော်နှင့် ဘွဲ့တံဆိပ်တော်၊ ဘွဲ့အလံတော်များ၊ စာမေးပွဲ အဆင့်အလိုက် အောင်လက်မှတ်စာအောင်ဆုများဆက်ကပ်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူကြည်ညိုသည်။

ထို့နောက်ကမ္ဘောဇသာမဏေကျော်တတိယအဆင့်အောင် ဆရာတော် ၂၅ ပါး၊ ဒုတိယအဆင့်အောင် ဆရာတော် ၈၁ ပါး၊ ပထမအဆင့်အောင် ဆရာတော်အပါး ၄၀၀ စုစုပေါင်း ၅၀၆ ပါးတို့အား အလှူရှင်များက သံဃာ့ဒါနဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူကြကြောင်း သိရသည်။

(၄၀၅)

# ကဝမြို့နယ်၌ အနာကြီးရောဂါနှင့်ပတ်သက်သော အကြောင်းအရာများ အသိပညာပေးဟောပြော



**ကဝ အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ ပြည်သူများအား အနာကြီးရောဂါနှင့်ပတ်သက်သော အကြောင်းအရာများ အသိပညာပေးဟောပြောခြင်းကို အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် သပြုကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကဝမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက အနာကြီးရောဂါသည် အခြားကူးစက်ရောဂါများကဲ့သို့ ပိုးကြောင့်ဖြစ်ကြောင်း၊ ဆေးမကုရသေးသည့် လူနာထံမှတစ်ဆင့် ကူးစက်တတ်ကြောင်း၊ ဖြစ်ခါစလက္ခဏာသည် ခန္ဓာကိုယ်မည်သည့်နေရာမဆို အကွက်ထွက်၍ထုံနေကြောင်း၊ ထုံသောအကွက်များရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ပြသကြရန်လိုကြောင်း၊ အနာကြီးရောဂါသည် အခြားရောဂါများလို ကာကွယ်ဆေးမရှိကြောင်း၊ ဖြစ်ပေါ်လာပါက ကုသလို့ရနိုင်ကြောင်း၊ အနာကြီးရောဂါမဖြစ်ပွားစေရန် ရှောင်ရမည့်အချက်များအား အသိပညာပေးဟောပြောသည်။

ထို့နောက်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အနာကြီးရောဂါနှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးကြကြောင်း သိရသည်။

**အောင်ဖြူလင်း(၄၁၀)**

MWD Education, Knowledge & Sports Channel

၂၁-၁၀-၂၀၂၅(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၂၅ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၆:၄၅ | Grade – 4 | သင်္ချာ၊ သိပ္ပံ |
| ၃။ | ၁၆:၄၅ | - | ၁၇:၂၀ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၇:၂၀ | - | ၁၉:၀၀ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၂၁-၁၀-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လူပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# လှပသောအနာဂတ်ဆီသို့

❖ အိပ်မက်ဆိုးမှ၊ နိုးထကြလေ့
မောဟမှောင်မိုက်၊ ပူလောင်မြိုက်ဘိ
စိတ်၌အသိ၊ ကင်းလွတ်မိ၍
အတိဒုက္ခ၊ ကြုံခဲ့ရလျက်
ကာလတာရှည်၊ ကြာခဲ့ချေပြီ
ခုနေရုန်းထွက် ကြပါလေ့။

❖ သူလည်းတစ်လူ၊ ငါမူတစ်မင်း
စစ်ခင်းတိုက်ခိုက်၊ ညဥ့်မှောင်မိုက်ခဲ့
စရိုက်ဆိုးရွား၊ လမ်းတွေမှားလျက်
တရားမဲ့ကင်း၊ ရက်စက်ခြင်းမှ
လွတ်ကင်းရုန်းထွက်၊ တိုင်းပြည်တွက်မို့
မနက်ဖြန်တိုင်း၊ တို့သမိုင်းကို
ဝိုင်းဝန်းတွေးဆ၊ ဆေးခြယ်ကြလေ့။

❖ မစဲဆူညံ၊ ကြားရပြန်သည်
နားခံခက်သား၊ အသံများမှ
ခံစားလွတ်ရေး၊ တို့မြော်တွေး၍
ရန်ဘေးကင်းစင်၊ တို့ခိုဝင်အံ့
ညင်သာပိုမို၊ သံချိုတစ်စ
ဝေးမှနီးလာ၊ ထိုအခါတွင်
ရင်မှာချမ်းမြေ့ ရပေလိမ့်။

❖ သမီးကဆိုး၊ သားကဆိုးလည်း
ပစ်ရိုးနတ္ထိ၊ ထုံးမရှိခဲ့
မိဘရင်ခွင်၊ ခိုဝင်ကြပါ
ကြိုဆိုပါသည်
ချိန်ခါမနှောင်း၊ လာစေကြောင်းတည့်။

❖ နိုင်ငံတော်၏၊ ရည်မျှော်ကောင်းကျိုး
တပ်လှန့်နှိုးသံ၊ ဓမ္မမှန်စွ
လွင့်ပျံ့ချိုအေး၊ မေတ္တာတေးလျှင်
နွေးထွေးလှုပ်နိုး၊ အိပ်မက်ဆိုးမှ
နွမ်းညှိုးလွတ်မြောက်၊ချမ်းသာရောက်မည်
မိုးသောက်ရောင်နီ၊ လင်းချေပြီ။
ဒီမိုကရေစီ၊ သင်းပျံ့ကြည်။
လက်တွဲတူညီ ရှေ့သို့ချီ။ ။

**ချမ်းမြဆောင်း(ကလော)**

# မိုင်းတုံမြို့နယ်ရှိ သံလွင်တံတားသစ်(တာဆန်း)တည်ဆောက်နေမှုအခြေအနေအားသွားရောက်ကြည့်ရှု



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မိုင်းတုံမြို့နယ်ရှိ သံလွင်တံတားသစ်(တာဆန်း)တည်ဆောက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်တွင်တည်ဆောက်လျက်ရှိသည့် သံလွင်တံတားသစ် (တာဆန်း) တည်ဆောက်နေမှုအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တံတားဦးစီးဌာနမှတာဝန်ရှိသူ တစ်ဦးက တံတားဟောင်း၏ကြံ့ခိုင်မှုအခြေအနေ၊ တံတားသစ်စီမံကိန်းဖြစ်ပေါ်လာပုံ၊ စီမံကိန်းအား ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စီမံကိန်းအပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ထို့နောက်တိုင်းမှူးက စီမံကိန်းအချိန်မီပြီးစီးစေရေး၊ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့အား မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တံတားသစ် တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် လက်ရှိအသုံးပြုလျက်ရှိသော တံတားဟောင်း၏ကြံ့ခိုင်မှုအခြေအနေအား တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါတံတားဟောင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်တို့ကို ဆက်သွယ်ထားသည့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ အဓိကသံလွင်မြစ်ကူး ကြိုးတံတားတစ်စင်းဖြစ်ပြီး သက်တမ်းကာလကြာမြင့်ကာ တံတားခံနိုင်ရည် ကျဆင်းလာခြင်းကြောင့် ၎င်း၏အနီး၌ အရှည် ၈၇၆ ပေရှိ RC Concrete အမျိုးအစားတံတားသစ်အား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်ဒီဇင်ဘာလအတွင်း ခန့်မှန်းပြီးစီးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)

# ကျောက်မဲမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စုပေါင်းသန့်ရှင်းရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့၌ ယာယီဆေးရုံဖွင့်လှစ်ကာ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၌ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၄ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကျောက်မဲမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးသည်။ ၎င်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချစွာ သွားလာနေထိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



သီပေါမြို့၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့်၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ပြည်သူ့ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် သီပေါမြို့အတွင်း ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားခြင်းလုပ်ငန်းများဆောင်ရွက်ပေးသည်။

၎င်းအပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၃)နိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သည့် အားကစားနှင့်ကာယပညာသိပ္ပံ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းအား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဂုဏ်ပြုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၀

(၃)နိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာ ISPE အမျိုးသားဘောလုံးအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်၍ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းကိုယ်စား အားကစားသမားကျော်သီဟဇော်က ကျေးဇူးတင်စကားပြောကြားကာ ပထမဆုရရှိခဲ့သည့် ဆုဖလားကို ပြည်ထောင်စုဝန်ကြီးထံ အပ်နှံပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ စားရိပ်သာ၌ အားကစားနှင့်ကာယပညာသိပ္ပံမှ သင်တန်းသား၊ သင်တန်းသူများ၏ နေ့လယ်စာ စားသောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အာဟာရပြည့်ဝစေရေးအတွက် သန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးများကို ချက်ပြုတ်ကျွေးမွေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက်အားကစားအဖွဲ့များ စခန်းသွင်းလေ့ကျင့်နိုင်ရေး ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားပြိုင်ပွဲရုံ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပုံမှန်သန့်ရှင်းရေးများပြုလုပ်ပြီး ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် နဝရတ် အားကစားကွင်းအတွင်း အများပြည်သူများ လာရောက်လေ့ကျင့်နိုင်စေရေးအတွက် အဆင့်မြင့်အားကစားရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံလှေလှော်အားကစားအဖွဲ့ချုပ်သို့သွားရောက်၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ယှဉ်ဆောင်သွားမည့် ပြိုင်ပွဲဝင်လှေများအား ကြည့်ရှုစစ်ဆေးပြီး လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# သပြေကန်သိမ်ကုန်းဧရိယာအတွင်း နွေစပါးစိုက်ပျိုးရေလုံလောက်စွာ တိုးတက်ပေးဝေနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ပုသိမ် အောက်တိုဘာ ၂၀

ဖျာပုံခရိုင် ဖျာပုံမြို့နယ် သပြေကန်သိမ်ကုန်းဧရိယာအတွင်း နွေစပါးစိုက်ပျိုးရေလုံလောက်စွာ တိုးတက်ပေးဝေနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဖျာပုံမြို့နယ် အေးသာယာကျေးရွာအုပ်စုအတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် တူးဖော်ဆောင်ရွက်မည့် အေးသာယာ(၂)မြောင်းနေရာအား ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက နွေသီးထပ်အမီ စိုက်ပျိုးရေရရှိနိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အေးသာယာကျေးရွာအုပ်စုအတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသလိုအပ်ချက်များ၊ နွေသီးထပ်တိုးတက်စိုက်ပျိုးနိုင်မည့်အခြေအနေ၊ ရေချိုပိုမိုရရှိလာနိုင်မည့် အခြေအနေအပေါ် တိုးတက်စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း တူးဖော်ဆောင်ရွက်လျက်ရှိသော ကျုံကဒွန်း-အမာကားလမ်းဘေးယာမြောင်းတူးဖော်နေမှုနှင့် ကျုံကဒွန်း-အမာဝဲမြောင်းတူးဖော်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏မိုးစပါးရာသီချိန်တွင် ရေကြီးမှုအားလျော့နိုင်ရန်အတွက် ဝါးချောင်းရေတံခါးပြုပြင်ပေးနိုင်ရေးတင်ပြမှုအပေါ် တာဝန်ရှိသူများအား ရေထိန်းတံခါးနှင့် ရေနုတ်အားကောင်းစေရန်၊ ချောင်းမြောင်းကောများတူးဖော်နိုင်ရန် အသေးစိတ်ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြရန် မှာကြားသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး သီးထပ်စွမ်းအား ပိုမိုတိုးတက်စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်တက္ကသိုလ်ဝင်းအတွင်း Recreation Center တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံဆောက်လုပ်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို အလေးထားဆောင်ရွက်ရန်၊ မြေယာရှင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်းသိရသည်။

မူမူအေး

# မြစ်သားမြို့နယ်၌ မိုးစပါးစိုက်ခင်း ၅၅၄၈၅ ဧကစိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်း

မြစ်သား အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ကင်းတားရေလှောင်တမံဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးလျက်ရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ခင်း ၅၅၄၈၅ ဧကစိုက်ပျိုးပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများအနေဖြင့် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူများ မိုးစပါးသီးနှံ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေးအတွက် ကင်းတားရေလှောင်တမံဆည်ရေမှ စမာမြောင်း၊ ပန်းလောင်မြစ်နှင့် မြောင်းကြီးဘောင်းမြစ်တို့မှတစ်ဆင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရေစနစ်တကျဖြန့်ဝေမှုကြောင့် ဒေသခံတောင်သူများစိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကာ ယခု ၂၀၂၄ - ၂၀၂၅ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၅၅၄၈၅ ဧကစိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုသည် မိုးစပါးအထွက်နှုန်းကောင်းလေ့ရှိပြီး ပန်းတိုင်အထွက်နှုန်းလည်းပြည့်မီကျော်လွန်ကြသဖြင့် မိုးစပါးစိုက်ပျိုးမှုဖြင့် နိုင်ငံ့စီးပွားတိုးတက်လျက်ရှိကာ တောင်သူများလည်း ထပ်တူအကျိုးခံစားရ၍ အကျိုးစီးပွားဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ဝါဝါမြင့် (မြစ်သား)



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူလင်းပြည်နယ်တွင် သက်တမ်းရင့်ရေနံမြေများ၌ အထွက်တိုးထုတ်လုပ်နေမှုနှင့် ရှီအန်းပြည်နယ်တွင် 3D Seismic တိုင်းတာသည့် စက်ပစ္စည်းကိရိယာထုတ်စက်ရုံများ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လေ့လာကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration ၏ အကြီးအကဲဖြစ်သူ Mr. Zhang Jianhua ၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ်သို့တက်ရောက်ရန်နှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၁၈ ရက် ညနေပိုင်းတွင် ယူလင်းပြည်နယ်ရှိ သက်တမ်းရင့် ရေနံမြေများသို့သွားရောက်လေ့လာကြည့်ရှုကြသည်။

ထိုသို့ကြည့်ရှုလေ့လာစဉ် နိုင်ငံပိုင် Yan Chang ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့က ရေနံအထွက်တိုးစေရန်အတွက် အဆင့်မြင့်နည်းပညာများအသုံးပြု၍ဆောင်ရွက်နေမှု၊ ရေနံသိုက်များထိန်းသိမ်းဆောင်ရွက်နေမှု၊ ရေနံတွင်းများအတွင်း ထည့်သွင်းရသည့်ရေအား ပြန်လည်သန့်စင်ခြင်း ဆောင်ရွက်နေမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးအား ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

အောက်တိုဘာလ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား North Petroleum & Chemical Corporation ၏ အစည်းအဝေးခန်းမ၌ ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့က သက်တမ်းရင့် ရေနံမြေများအလိုက် ရေနံအထွက်တိုးစေရေး ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံရှိသက်တမ်းရင့်ရေနံမြေများတွင် ဘူမိသက်တမ်း၊ ဘူမိမြေလွှာများပေါ်မူတည်၍ ရေနံမြေအလိုက် ဆက်လက်ဆောင်ရွက်သင့်သည့်နည်းပညာများနှင့် နည်းစဉ်များ၊ ဒစ်ဂျစ်တယ်နည်းပညာသုံး၍ ရေနံမြေများအလိုက် စီမံခန့်ခွဲရန်လိုအပ်မှု၊ အဆင့်မြင့်နည်းပညာများ အသုံးပြုဆောင်ရွက်ခဲ့မှုကြောင့် ရရှိခဲ့သည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။



ထိုသို့ရှင်းလင်းမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုလေ့လာခဲ့သည့်ရေနံမြေသည် မိမိတို့နိုင်ငံရှိ ကုန်းတွင်းရေနံမြေများနှင့် နှိုင်းယှဉ်ပါက သက်တမ်းအားဖြင့်ကွာခြားမှုမရှိကြောင်း၊ ထုတ်ယူနိုင်သည့် လက်ကျန်ရေနံနှင့်သဘာဝဓာတ်ငွေ့ပမာဏသည် မိမိတို့၏ အချို့သောရေနံမြေထက် များစွာနည်းပါးသော်လည်း အဆင့်မြင့်နည်းပညာများအသုံးပြု၍ စနစ်တကျဆောင်ရွက်နိုင်မှုကြောင့် အထွက်နှုန်းတွင် သိသိသာသာတိုးမြင့်နေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ပြင် ခိုအောင်းနိုင်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ပမာဏ၏ ၉၀ ရာခိုင်နှုန်းအထိ ထုတ်ယူနိုင်သည်ကို အားကျဖွယ်တွေ့ရှိရကြောင်း။

မိမိတို့နှင့်ရင်းနှီးသည့် မိတ်ဖက်ဆက်ဆံရေးရှိသည့်အပေါ် အခြေခံ၍ နည်းပညာအရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များတွင် အားကောင်းမှုရှိသည့်ကုမ္ပဏီများအား မိမိတို့၏ သက်တမ်းရင့်ကုန်းတွင်းရေနံမြေများတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ အထွက်တိုးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်း၊ ကုမ္ပဏီမှ ဘူမိဗေဒနှင့် အင်ဂျင်နီယာပညာရှင်များ၏ အကူအညီဖြင့် မိမိတို့၏ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက ရေနံမြေများအလိုက် တွေ့ကြုံနေရသည့်မိမိတို့၏အခက်အခဲများကို ကျော်လွှားနိုင်ပြီး စနစ်တကျတူးဖော်ထုတ်လုပ်နိုင်သည့်ရေနံမြေများ ပေါ်ပေါက်လာမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့၏ ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရေနံတက္ကသိုလ်များ၊ လုပ်ငန်းခွင်များသို့ စေလွှတ်၍ စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားနိုင်ရန် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ နောင်တွင် အဆင့်မြင့်နည်းပညာများစနစ်တကျလွှဲပြောင်းရယူပြီး ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို အသေးစိတ်ဆွေးနွေးကြသည်။

ယင်းနောက် 3D Seismic တိုင်းတာခြင်းလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်လေ့လာရာ စက်ရုံတာဝန်ရှိသူများက အစိတ်အပိုင်းတစ်ခုစီအလိုက်ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီးအစိတ်အပိုင်းအလိုက် တပ်ဆင်နေမှု၊ အပြီးသတ်ထုတ်ကုန်များအား စမ်းသပ်စစ်ဆေးနေမှုတို့ကို ရှင်းလင်းပြသပြီး အဆင့်မြင့် Wireless 3D Seismic စက်ပစ္စည်းများကို အသုံးပြု၍ လက်တွေ့စမ်းသပ်သရုပ်ပြသသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Wireline 2D Seismic ကိုသာ ဆောင်ရွက်နိုင်သေးသဖြင့် Wireless 3D Seismic စက်ပစ္စည်းကိရိယာများကို အသုံးပြုလာနိုင်ပါက ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်အသစ်များ ရှာဖွေဖော်ထုတ်အတည်ပြုနိုင်ခြင်း၊ ခိုအောင်းမှုပမာဏကို နီးစပ်စွာခန့်မှန်းနိုင်ခြင်း၊ Wireline 2D Seismic တိုင်းတာထားပြီး နေရာများတွင်လည်း ထပ်မံတိုင်းတာမှုများပြုလုပ်ခြင်းဖြင့် တူးဖော်ရေးအတွက် တိကျပြည့်စုံသည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များ ထုတ်ဖော်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပြည်တွင်း၌ တိုးတက်ထုတ်ယူနိုင်ရေးကြိုးပမ်းနေမှုများတွင် များစွာအထောက်အကူရရှိလာမည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# Bakery မုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း လူငယ်ရေးရာနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်းဆွေးနွေးပွဲကျင်းပ

ဘားအံ အောက်တိုဘာ ၂၀

ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့်ဖွင့်လှစ်သည့် Bakery မုန့်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ လူငယ်စင်တာ အစည်းအဝေးခန်းမ၌ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက က သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများ၏ သင်တန်းဆင်းထုတ်ကုန် Bakery မုန့်အမျိုးမျိုးကို ဝယ်ယူအားပေးကြသည်။



အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်သင်တန်းနည်းပြများက ရက်သတ္တတစ်ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြကြောင်းသိရသည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော လူငယ်ရေးရာ ဟောပြောပွဲနှင့်လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲကို ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်းရှိ လူငယ်များအားလုံး ရွေးကောက်ပွဲအကြို သုတေသနစစ်တမ်းကောက်ယူမှုကို တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြစေလိုပြီး အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများဖြစ်လာအောင်ပြုမူနေထိုင်ကြကာ နိုင်ငံ့အကျိုး၊ အမျိုးအကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံတော်ကအားထားရသော သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်ဦးက လူငယ်မဟာဗျူဟာ ဖိုရမ် ၂၀၂၅ ပါ ပထဝီနိုင်ငံရေး၊ စီးပွားရေးနှင့် အဆင့်မြင့်ပညာရေးတွင် သုတေသနအရေးပါမှုနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ဟောပြောပို့ချပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူ လူငယ်များက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များကို Tablet များ ဖြန့်ဝေပေးပြီး ရွေးကောက်ပွဲအကြို လူငယ်ရေးရာ သုတေသနစစ်တမ်းကို ကောက်ယူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Dedaye Township sells 75,000 visses of tiger crabs to Yangon market



DEDAYE October 20

"Up to 75,000 visses of tiger crabs were transported to Yangon from Dedaye Township in Ayeyawady Region," said Daw Htay Htay, owner of the fishery products trading center in Dedaye Township.

Dedaye Township shipped 75,000 visses of tiger crabs to the Yangon market. The Yangon market is buying tiger crabs from the region.

''We regularly sent local seafood products to the Yangon market. Yangon is the main market for seafood sales from this side. The prices of the tiger crabs also fluctuate depending on their freshness and size. We know that tiger crabs are being shipped from here to other regions in addition to the local market," she said.

The price of tiger crabs from Dedaye Township is Ks-16,500 per viss for small-sized crabs, Ks-19,500 per viss for medium-sized crabs, and Ks-28,500 to Ks-33,500 per viss for large-sized crabs. **SK**

# Danubyu Township sells many bags of Aungnaingtoe paddy to Yangon market

DANUBYU October 20

"Local businesspersons from Danubyu Township in Ayeyawady Region sold a large number of Aungnaingtoe paddy bags to Yangon market in August," said Daw San San Swe, the owner of rice and paddy trading depot in Danubyu Township.

Merchants from Danubyu Township sent 60,000 bags of Aungnaingtoe paddy to Yangon market in July but 69,000 bags of same paddy in August. The paddy fetched Ks-1.55 million per 100 bags.

"Last month, we dispatched a large numbers of paddy bags. Local merchants mostly sent agricultural produce to Yangon market only. Aungnaingtoe paddy is one of the non-premium paddy strains. Depiste non-premium, people prefer to consume it. Now, Yangon market give offer to us for purchase of more Aungnaingtoe paddy," said Daw San San Swe.

Due to selling 69,000 bags of Aungnaingtoe paddy to Yangon market, local people in chain of production of paddy are convenient in their livelihoods. **SK**

# Plan set to place more than 15,000 acres of croplands under sesame in Dabayin Township



DABAYIN October 20

Arrangements are being made to cultivate more than 15,000 acres of winter sesame in Dabayin Township of Sagaing Region this year, according to YeU District Agriculture Department.

During the 2025–2026 winter crop season, a plan has been set to cultivate 15,845 acres of winter sesame in Dabayin Township. Planting will begin in October this year and continue until December, according to reports.

"This year, more than 15,000 acres of winter sesame are planned for cultivation in Dabayin Township during the winter crop season. Efforts will be made to achieve the targeted acreage. Sesame cultivation has been improving year by year. Compared to the monsoon season, sesame is mainly grown in the winter. As an oil crop, it is currently in a successful state," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

This year, the Dabayin Township Department of Agriculture will provide awareness programs for sesame farmers on expanding cultivation, correct cultivation practices, adopting GAP methods, using quality pure seeds, and cultivating high-yielding varieties.

Crops produced under the GAP system are of better quality than those grown under other methods. They also fetch higher prices and can be marketed not only domestically but also exported abroad. As a result, farmers who grow crops under the GAP system are able to gain greater benefits and improve their socio-economic livelihoods. **SMK**

# Kanbalu Township to grow more than 38,000 acres of black gram in cold season

KANBALU October 20

A plan is underway to grow more than 38,000 acres of black gram as cold season crops in Kanbalu Township of Sagaing Region, according to the statistics of the township Agriculture Department.

For the 2025–2026 winter crop season, it is planned to cultivate 38,437 acres of black gram in Kanbalu Township, with planting scheduled to take place from October to December this year.

"This coming winter crop season, more than 38,000 acres of black gram are planned for cultivation in Kanbalu Township. Efforts will be made to ensure the full targeted acreage is achieved. During the planting period, necessary technologies, quality seeds, and pest and disease control measures will also be provided on-site," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

The Kanbalu Township Department of Agriculture will provide farmers cultivating black gram with guidance on using region-appropriate and quality seeds, maintaining seed purity, applying correct cultivation practices, preventing pest infestations, using fertilizers systematically, and achieving higher yields.

During this year's monsoon crop season as well, township agriculture departments have been cooperating with farmers by supplying quality seeds, inputs, and post-harvest technologies to help improve both yield and quality in various pulse crops. **SMK**

# Katha Township to grow more than 14,000 acres of kidney bean in coming winter

KATHA October 20

Local authorities earmarked cultivation of more than 14,000 acres of kidney bean in Katha Township of Sagaing Region this year, according to the township Agriculture Department.

During the 2025–2026 winter crop season, a plan has been set to cultivate 14,537 acres of kidney bean in Katha Township. Planting will begin in October this year and continue until December, according to reports.

"This year, more than 14,000 acres of kidney bean are planned for cultivation in Katha Township during the winter crop season. Efforts will be made to achieve the targeted acreage. To ensure good yields and quality, necessary pure and quality seeds, inputs, and post-harvest technologies will be provided in cooperation with farmers," said U Ko Lay, Head of the Katha Township Department of Agriculture.

In Katha Township, the Department of Agriculture will carry out educational programs for kidney bean farmers to help them expand cultivation areas, improve yields, adopt GAP practices, grow quality pure seeds, and cultivate high-yielding varieties.

Crops cultivated under the GAP system are known to be of better quality than those grown by other methods. They also fetch higher prices and can be marketed not only domestically but also exported overseas. As a result, farmers who follow GAP practices are able to benefit from greater profitability.

**SK**

# Kawlin District to plant over 2,000 acres of green gram in coming winter

KAWLIN October 20

Local authorities in Kawlin District of Sagaing Region decided to grow more than 2,000 acres of green gram as cold season crops in coming winter, according to the statistics of District Agriculture Department.

During the 2025–2026 winter crop season, a total of 2,200 acres of green gram are planned for cultivation in Kawlin District—1,235 acres in Kawlin Township, 161 acres in Wuntho Township, and 804 acres in Pinlebu Township. Planting will begin in October this year and continue until December, according to reports.

"This year, more than 2,000 acres of green gram are planned for cultivation in Kawlin District during the winter crop season. Efforts will be made to achieve the targeted acreage. Green gram cultivation has been improving year by year. There will be awareness programmes to encourage expansion of cultivation, as well as guidance on using quality pure seeds to improve yields," said U Win Thein, Head of the Kawlin District Department of Agriculture.

That this year, township agriculture departments in Kawlin District will provide educational programs to green



gram farmers on selecting quality pure seeds suitable for the region, practicing correct cultivation methods, preventing pest infestations, using fertilizers systematically, and improving yields.

During this year's monsoon crop season, in the cultivation of various pulses, cooperation with farmers has also been undertaken to provide quality seeds, necessary inputs, and post-harvest technologies to ensure good yields and quality.

**SMK**

# Farmers exceed cultivation of pigeon pea as monsoon crops in Kanbalu Township

KANBALU October 20

Cultivation of pigeon pea as monsoon crops were exceeded the target cultivation in Kanbalu Township of Sagaing Region this year, according to the township Agriculture Department.

In the 2025–2026 monsoon crop season, Kanbalu Township had planned to cultivate 115,660 acres of pigeon pea. Planting began in May this year, and as of today, 123,366 acres have been completed.

"This monsoon season, our target for Kanbalu Township was over 110,000 acres of pigeon pea, and as of now, we have already planted more than 120,000 acres, exceeding the target. We are also working to ensure good yields. Farmers in the township grow pigeon pea both as a sole crop and as an intercrop," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

It is reported that this year, the township's Department of Agriculture has been providing field-level technical guidance to pigeon pea farmers on selecting quality and pure seeds, applying correct cultivation methods, preventing pest risks, and improving yields.

Additionally, the Kanbalu Township Department of Agriculture has been introducing technology for mixing urea with gypsum to help farmers reduce the cost of purchasing foliar fertilizers. The use of urea-gypsum mixtures has been found to lower cultivation costs, keep plants pest-free, and promote healthy growth. **SMK**

# Plan underway to grow more than 3,000 acres of maize and sweet corns in ChaungU Township



CHAUNGU October 20

According to records from the ChaungU Township Agriculture Department in Sagaing Region, over 3,000 acres of maize and sweet corn will be cultivated in the coming winter crop season.

For the 2025–2026 winter cropping season, the plan for ChaungU Township is to grow 90 acres of maize and 3,227 acres of sweet corn, totaling 3,317 acres. Cultivation will take place from October to December this year.

"This year, more than 3,000 acres of maize and sweet corn are planned for cultivation in ChaungU Township during the winter cropping season. To ensure successful growth, awareness campaigns will be conducted to prevent pest and disease outbreaks," said U Tint Swe, Head of the ChaungU Township Agriculture Department.

The department will provide farmers cultivating maize and sweet corn with training courses, field demonstrations, awareness programs on preventive measures against fall armyworm, guidance on integrated pest management systems including pesticide use, and other agricultural knowledge.

In ChaungU Township, maize yields over 50 baskets per acre with a production cost of about Ks-500,000 per acre. Sweet corn yields about 15,000 ears per acre with a cultivation cost exceeding Ks-500,000 per acre.

**SK**

## More than 10,000 acres of groundnut planted in YeU Township this year

YEU October 20

This year's statistics of YeU District Agriculture Department mentioned that local farmers have so far planted 11,047 acres of groundnut in YeU Township of Sagaing Region.

In the 2025–2026 monsoon crop season, YeU Township planned to cultivate 11,329 acres of groundnut. Planting began in May this year, and as of today, 11,047 acres have been completed.

"This year, the target for YeU Township's monsoon crop season is 11,329 acres of groundnut, and so far, we have planted 11,047 acres. We are working to meet the full target. Oil crops are generally in good condition, and groundnut cultivation has been improving year by year," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

In YeU Township, groundnut cultivation requires about one and a half baskets of seeds per acre, with production costs—including seeds, labour charge, fertilizers, and pesticides—amounting to over Ks-200,000 per acre. The yield is more than 50 baskets per acre.

**SK**

# EU could betray core principle for sake of Ukraine – Politico

BRUSSEL October 20

The EU is considering a proposal to allow potential member states such as Ukraine to join without full voting rights, breaking one of the bloc's core principles, Politico has reported.

Under the proposed scheme, potential new members including Ukraine, Moldova, and Montenegro would be barred from exercising veto powers until the EU implements a broader reform of its decision-making process. The step would require politically difficult amendments to the bloc's foundational treaties and could take years.

Backers of the plan expect it will allow Brussels to bypass vetoes from Hungary, which has stalled formal accession talks with Ukraine, citing issues including Kiev's treatment of ethnic Hungarians. Hungarian Foreign Minister Peter Szijjarto warned last month that Ukraine's accession "would be the coup de grace to the European Union," asserting that the bloc would have to divert "practically all" its financial resources to support Kiev while cheaper Ukrainian agricultural products could "destroy European agriculture."

The EU is seeking to expand its membership to 30 countries within the next decade, Politico reported, noting that efforts to eliminate veto powers for existing member states face strong opposition not only from Hungary, but also from France and the Netherlands due to concerns over competition and security interests.

Brussels' latest proposal signifies a departure from the previous requirement that treaty reform was necessary for enlargement.

Earlier this month, Ukraine's Vladimir Zelensky claimed that Kiev "will be in the European Union – with [Hungarian Prime Minister Viktor] Orban, or without," insisting the decision "is the choice of the Ukrainian people." Zelensky has also proposed that the EU change its accession procedure to circumvent a likely Hungarian veto.

Orban fired back at Zelensky, stating that Hungary has "no moral obligation to support Ukraine's EU accession" and that "no country has ever blackmailed its way into the European Union."

Russia does not oppose EU membership for Ukraine but has condemned the bloc's transformation into what Foreign Minister Sergey Lavrov described as an "aggressive military-political bloc" and an "appendage of NATO." He cited EU-NATO agreements that obligate member states to host the military bloc's forces as evidence of the shift from its original economic purpose.

**RT**

# Yemen's Houthis continue to detain 20 UN employees in Sanaa

ADEN October 20

Yemen's Houthi group continues to detain 20 UN employees at a UN residential compound in the capital Sanaa, a source from the UN Office in Yemen told Xinhua on Monday.

The source, who spoke on condition of anonymity, said that the Houthis released 11 local employees late Sunday from the UN Common Accommodation Facility on Hadda Street, which armed Houthi intelligence personnel had stormed on Saturday. Twenty other staff members -- 15 foreigners and five Yemenis -- remain detained inside the compound for a third day.

According to the source, Houthi intelligence officers remain stationed inside the facility, where they continue to interrogate the detained staff. The employees have been allowed limited contact with their families under strict supervision.



The United Nations has not yet issued an official statement regarding the ongoing detentions.

On Saturday, a Yemeni security official told Xinhua that Houthi forces stormed the UN compound, seized employees' mobile phones, and interrogated staff members.

The official said the operation appeared to be part of a broader Houthi campaign targeting UN and humanitarian staff in areas under its control, amid rising tensions with international aid organizations.

The heightened tension follows a speech on Thursday by Houthi leader Abdulmalik al-Houthi, who alleged the existence of "dangerous spy cells" within humanitarian organizations operating in Yemen.

In his latest televised speech, the Houthi leader claimed that his group possessed "conclusive information" linking a "World Food Program cell" to espionage activities that allegedly assisted Israel in killing senior Houthi leaders in Sanaa in August.

Relations between Houthi authorities and international aid organizations have deteriorated sharply in recent months, particularly following the Israeli airstrikes in August.

In response to the recent developments, UN Secretary-General Antonio Guterres on Friday expressed deep concern over what he called "dangerous and unacceptable" accusations by the Houthis against UN personnel. He demanded the immediate release of all detained UN staff and urged Houthi authorities to ensure the safety and protection of all humanitarian workers operating in Yemen.

Dozens of UN staff and aid organization personnel have been held by the Houthis since June 2024, despite repeated UN appeals for their release.

**Xinhua**

# Colombia recalls its ambassador from US at Petro's request

WASHINGTON October 20

Colombia's Ambassador to the United States Daniel Garcia-Pena has been recalled at the request of President Gustavo Petro, and is now back in Bogota, the Colombian Foreign Ministry said on Monday.

"Foreign Minister Rosa Yolanda Villavicencio Mapy informs the public that, Daniel GarciaPena, Colombia's Ambassador to the United States of America, has been recalled for consultations by President Gustavo Petro Urrego, and is already in Bogota," the ministry said in a press release.

The Colombian Government will report on the decisions taken on the matter later on Monday, the Foreign Ministry added.

The decision to recall the Colombian envoy to Washington comes amid mounting tensions in the Caribbean following the deployment of several US naval and military assets off Venezuelan coasts under the pretext of countering drug trafficking allegedly coming from Venezuela.

**Sputnik**

# Lavrov, Rubio hold phone call

MOSCOW October 20

Russian Foreign Minister Sergey Lavrov and US Secretary of State Marco Rubio held a telephone conversation, the Russian Foreign Ministry said on Monday.

"On October 20, Russian Foreign Minister S. Lavrov had a telephone conversation with US Secretary of State M. Rubio. A constructive discussion took place on possible concrete steps in the interests of implementing the understandings that were reached during the October 16 telephone conversations between Russian President Vladimir Putin and US President Donald Trump," the statement said.

On October 17, presidents of Russia and the United States held a phone call. The two leaders agreed to have a meeting in Budapest, Hungary. Russian and US officials are set to hold preparatory talks next week: the US side will be represented by Marco Rubio.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 35 I'd better ... it's time ...

### Exercise

**35.1 Read the situations and write sentences with 'd better or 'd better not. Choose a verb from:**

| check | disturb | go | put | reserve | take |
|---|---|---|---|---|---|

1 You're going out for a walk with a friend. It looks as if it might rain.
You say: We'd better take an umbrella.
2 You and Kate plan to go to a restaurant tonight. It will be busy.
You say to Kate: We ........................................ a table.
3 Oliver has just cut himself. It's bleeding and he'll need a plaster on it.
You say to him: You ........................................ on it.
4 Rebecca doesn't look well this morning – not well enough to go to work.
You say to her: ........................................ this morning.
5 You're going to the cinema, but you're not sure what time the film starts.
You say: ........................................ the film starts.
6 You need to talk to your boss, but she's very busy right now.
You say to a colleague: ........................................ right now.

**35.2 Is had better OK in these sentences? Change to should where necessary.**

1 I have an appointment in ten minutes. I'd better go now or I'll be late. OK
2 You'd better set your alarm. You have to get up early tomorrow. ....................
3 I'm glad you came to see us. You'd better come more often. ....................
4 She'll be sad if we don't invite her to the party, so we'd better invite her. ....................
5 It's nearly time to go out. I'd better get ready. ....................
6 I think everybody had better learn a foreign language. ....................
7 We've just missed the last bus. We'd better get a taxi. ....................

**35.3 Complete the sentences. Choose from the box.**

| |
|---|
| better |
| do |
| did |
| had |
| hadn't |
| I'd |
| not |
| to |
| take |
| should |
| was |
| were |

1 It might rain. We'd better take an umbrella.
2 Ben needs to know what happened. Somebody .................... better tell him.
3 We'd better .................... park the car here. The road is too narrow.
4 You ....................brush your teeth at least twice a day.
5 What are we going to do? It's time ....................decide.
6 .................... better not be late. It's an important meeting.
7 It's time they ....................here. They promised they wouldn't be late.
8 The window is open. You'd ....................close it before you go out.
9 We'd better leave as soon as possible, ....................we?
10 The government should ....................something about the problem.
11 It's time the government ....................something about the problem.
12 It's time something ....................done about the problem.

**35.4 Read the situations and write sentences with It's time (somebody did something).**

1 You're at a friend's house. You planned to go home at 11 o'clock. It's already 11 o'clock now.
(I / go) It's time I went home.
2 You haven't had a holiday for a very long time. You need one now.
(I / holiday) It's time....................
3 It's 10 o'clock. It's after the children's bedtime. You think they should be in bed.
(children / bed)....................
4 You didn't realise it was so late. You need to start cooking dinner.
(start / cook) ....................dinner.
5 Kate is always complaining about everything. You think she complains too much.
(stop / complaining) ....................about everything.
6 The company you work for has been badly managed for a long time. You think some changes should be made.
(changes / make) ....................in the way the company is run.

Raymond Murphy

## ယန်ဇီမြစ်ကိုပင် ဖြတ်ကျော်နိုင်ခဲ့တဲ့ Jetour Zongheng G700



အပေါ်ကပုံကိုကြည့်လိုက်ရင် ကားတစ်စီးရေနစ်နေတယ်လို့ ထင်ရပါလိမ့်မယ်။ တကယ်တမ်းမှာတော့ အဲဒီကားက မြစ်ပြင်ကိုဖြတ်ကူးနေတာပါ။ သူဖြတ်ကူးနေတဲ့မြစ်ပြင်က တရုတ်နိုင်ငံရဲ့ ယန်ဇီမြစ်ပါပဲ။ ယန်ဇီမြစ်ကိုဖြတ်ကူးနေတဲ့ ကားကတော့ Jetour Zongheng G700 ဆိုတဲ့ကားပဲဖြစ်ပါတယ်။

အကွာအဝေး သုည ဒသမ ၇၅ မိုင်ရှိပြီး ရေစီးနှုန်းက တစ်နာရီကို ၃ မိုင်နှုန်းမှ ၆ မိုင်နှုန်းအထိရှိတဲ့ ယန်ဇီမြစ်ကို Jetour Zongheng G700 က ကန့်လန့်ဖြတ်ကူးသွားတာပါ။ ဒီလိုဖြတ်ကူးစဉ်တစ်လျှောက်လုံးမှာ ကားကဘယ်ညာလူးခြင်းအလျင်းမရှိဘဲ တော်တော်လေးကိုတည်တည်ငြိမ်ငြိမ်နဲ့ဖြတ်ကူးသွားတာတွေ့ရပါတယ်။

ကားတစ်စီးက ဒီလိုမျိုးမြစ်ကိုဖြတ်ကူးနိုင်ဖို့အတွက် ဆန်းသစ်တဲ့နည်းပညာများစွာကိုအသုံးပြုထားပါတယ်။ ဒီနည်းပညာတွေထဲမှာ ဗို့အားမြင့်စီလီကွန်ကာဘိုက်တွန်းကန်အားစနစ်၊ ဝင်ရိုးခြောက်ခုပါတဲ့တည်ငြိမ်ထိန်းကိရိယာ အစရှိတာတွေပါဝင်ပါတယ်။

Jetour Zongheng G700 က မျိုးစပ်စွမ်းကိုအသုံးပြုထားပြီး လမ်းချော၊ လမ်းကြမ်းနေရာစုံမှာမောင်းနှင်နိုင်ဖို့ ဖန်တီးထားတဲ့ကားဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**


## မိုင် ၈၀၀ အထိအရောက်သွားနိုင်မယ့် EV ဘက်ထရီအမျိုးအစားအသစ်

တရုတ်နိုင်ငံရှိမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကြီး Chery ကစွမ်းဆောင်ရည်မြင့်မားလှတဲ့ လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) အတွက် ဘက်ထရီအမျိုးအစားအသစ်ရှေ့ပြေးပုံစံကို ထုတ်ဖော်ပြသလိုက်ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ EV ဘက်ထရီတွေမှာ ဘက်ထရီစွမ်းအင်ပမာဏက အလေးချိန် ၁ ကီလိုဂရမ်ကို ဝပ်နာရီပေါင်း ၂၅၀ မှ ၃၀၀ အထိသာရှိပါတယ်။

အခု Chery ကထုတ်ဖော်ပြသလိုက်တဲ့ ဘက်ထရီအမျိုးအစားအသစ်မှာ စွမ်းအင်ပမာဏက အလေးချိန် ၁ ကီလိုဂရမ်ကို ဝပ်နာရီပေါင်း ၆၀၀ အထိရှိပါတယ်။ ဆိုလိုတာက သမားရိုးကျဘက်ထရီတွေထက် စွမ်းအင်သိပ်သည်းမှု နှစ်ဆပိုများနေတဲ့သဘောပါပဲ။ လက်ရှိဈေးကွက်အတွင်းမှာရှိတဲ့ EV တွေထဲမှာ အကွာအဝေးအများဆုံးသွားနိုင်တာက မိုင် ၄၁၀ သာရှိပါတယ်။ Chery ရဲ့ဘက်ထရီကိုသာတပ်ဆင်လိုက်မယ်ဆိုရင် EV ကိုတစ်ကြိမ်အားသွင်းရုံနဲ့ မိုင် ၈၀၀ အထိမောင်းနှင်နိုင်စေမယ်လို့ဆိုပါတယ်။ ကီလိုမီတာနဲ့ပြောရမယ်ဆိုရင် ကီလိုမီတာ ၁၃၀၀ အထိရောက်ရှိမှာပါ။ ဒီတစ်ချက်က တော်တော်လေးကိုစိတ်ဝင်စားဖို့ကောင်းပါတယ်။

ဒီလိုမျိုးစွမ်းဆောင်ရည်မြင့်မားတဲ့ဘက်ထရီက သမားရိုးကျဘက်ထရီမဟုတ်ပါဘူး။ Solid State ဘက်ထရီဖြစ်ပါတယ်။ သူက သမားရိုးကျဘက်ထရီတွေလိုမျိုးလည်း လွယ်လင့်တကူမီးလောင်နိုင်ခြေမရှိဘူးလို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**



## ဝေဟင်အန္တရာယ်များကို အလွယ်တကူထောက်လှမ်းပေးမယ့် Bombardier Global 6500

အမေရိကန်နိုင်ငံရှိ L3Harris ဆိုတဲ့ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုက တောင်ကိုရီးယားလေတပ်သို့ ပေးပို့ရမယ့် အမှာစာတစ်ခုကို လက်ခံရရှိထားပါတယ်။ အမှာစာအရပေးပို့ရမယ့် စစ်လက်နက်ပစ္စည်းက Bombardier Global 6500 ဆိုတဲ့လေယာဉ်ပါပဲ။ အဲဒီလေယာဉ်က သမားရိုးကျလေယာဉ်တော့မဟုတ်ပါဘူး။ လေကြောင်းကြိုတင်သတိပေးရေးနဲ့ ကွပ်ကဲမှုလေယာဉ်အမျိုးအစားပဲဖြစ်ပါတယ်။



ဒီလေယာဉ်မှာတော့ အဆင့်မြှင့်တင်မှုများစွာလုပ်ဆောင်ထားမှာပါ။ ဒီလိုအဆင့်မြှင့်တင်မှုအရ လေယာဉ်ကပိုမိုမြန်ဆန်စွာပျံသန်းနိုင်မယ်။ ခရီးဝေးကိုပိုသွားနိုင်လာမယ်။ လုံခြုံရေးအတွက် အလွန်မြင့်မားတဲ့အမြင့်ပေကနေပျံသန်းနိုင်မယ်။ ထင်ရှားတဲ့စွမ်းဆောင်ရည်တစ်ခုကတော့ ဝေဟင်အန္တရာယ်ဟူသမျှကို အလွယ်တကူလျင်မြန်စွာထောက်လှမ်းပြီး စဉ်ဆက်မပြတ်ခြေရာခံနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် သူ့မှာပါဝင်လာတဲ့ဆက်သွယ်ရေးစနစ်ဆိုရင်လည်း အမေရိကန်နဲ့သာမက NATO တပ်ဖွဲ့နဲ့ပါ အဆက်အသွယ်လုပ်နိုင်စေမယ့်အပြင် သူကပဉ္စမမျိုးဆက်လေယာဉ်လည်းဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## စစ်ကူ ပစ်ကူများအတွက် အစွမ်းထက်လက်နက်ဖြစ်လာမယ့် Z-20T တိုက်ခိုက်ရေးရဟတ်ယာဉ်



အခုသီတင်းပတ်အတွင်း တရုတ်နိုင်ငံမှာကျင်းပသွားတဲ့ ရဟတ်ယာဉ်ပြပွဲတစ်ခုမှာဆိုရင် ပရိသတ်ကြီးရဲ့စိတ်ဝင်စားမှုကို ဆွဲဆောင်ရယူသွားသူက Z-20T တိုက်ခိုက်ရေးရဟတ်ယာဉ်ပါပဲ။ အဲဒီပြပွဲမှာ Z-20T က သူ့ရဲ့စွမ်းဆောင်ရည်တွေကို ထုတ်ဖော်ပြသခဲ့တာပါ။

အဲဒီစွမ်းဆောင်ရည်တွေအနက် တချို့ကိုပြောရရင် ရာသီမရွေးအသုံးပြုနိုင်တယ်။ တိကျမှုရှိတဲ့ထိန်းကျောင်းမောင်းနှင်မှုကို လုပ်နိုင်တယ်။ အဲဒီထဲမှာ လေပေါ်မှာရပ်ပြီး အလေးပြုတဲ့ပုံစံတို့၊ နောက်ပြန်စိုက်ဆင်းတဲ့ပုံစံတို့၊ ရှေ့ပိုင်းနဲ့နောက်ပိုင်းကို ဒေါင်လိုက်လုပ်ပြီးတက်သွားတဲ့ပုံစံတို့၊ မီးကျည်ပစ်လွှတ်မှုလုပ်တဲ့ပုံစံတို့ ပါဝင်ပါတယ်။

သူ့ရဲ့အထင်ရှားဆုံးစွမ်းဆောင်ရည်က စစ်ကူ ပစ်ကူပေးနိုင်ခြင်းပါပဲ။ Z-20 ရဟတ်ယာဉ်ရဲ့ ကြည်းတပ်သုံးမျိုးကွဲရဟတ်ယာဉ်ဖြစ်တဲ့ Z-20T ကိုတည်ဆောက်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က လေကြောင်းတိုက်ပွဲများဆင်နွှဲဖို့၊ ပစ်ကူပေးဖို့နဲ့၊ အထူးစစ်ဆင်ရေးများဆောင်ရွက်ဖို့အတွက်ဖြစ်ပါတယ်။ ဒါ့အပြင် လိုအပ်တဲ့နေရာတိုင်းကို လိုအပ်တဲ့စစ်သည်နဲ့လက်နက်များလည်း ပေးပို့နိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## စစ်မြေပြင်မှာ စစ်သည်များရဲ့အသက်ရှင်သန်ရေးအတွက် လေကိုရေအဖြစ်ပြောင်းလဲပေးနိုင်မယ့် နည်းပညာဖော်ထုတ်နေ

စစ်မြေပြင်ဆိုတာ အင်မတန်ကြမ်းတမ်းတဲ့နေရာပါ။ ကိုယ့်အသက်ရှင်သန်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြုပြီး ကြိုးစားပမ်းစားအသက်ဆက်ရတဲ့နေရာမျိုးဖြစ်ပါတယ်။ ဒီလိုအသက်ဆက်ရတဲ့နေရာမှာ လူသားတွေအတွက် မရှိမဖြစ်အရေးပါတဲ့ရေရရှိရေးကလည်း အခရာကျနေပြန်ပါတယ်။ ရေရရှိနိုင်တဲ့နေရာက ကိုယ့်အနီးနားမှာရှိနေရင်တောင်မှ ရန်သူနဲ့တိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေရင် အဲဒီနေရာကို တော်တော်နဲ့မရောက်နိုင်ပါဘူး။ ဒါကြောင့် အမေရိကန်တပ်မတော်သုတေသနဌာနက AirJoule Technologies ဆိုတဲ့ကုမ္ပဏီနဲ့ သဘောတူစာချုပ်တစ်ခုကို ချုပ်ဆိုလိုက်ပါတယ်။ အဲဒီသဘောတူစာချုပ်ကတော့ လေထဲကနေ သောက်ရေထုတ်ပေးနိုင်စေမယ့်နည်းလမ်းကို ရှာဖွေဖော်ထုတ်ပေးဖို့ဖြစ်ပါတယ်။



အထူးသဖြင့် စစ်မြေပြင်သုံးပစ္စည်းများအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမယ့်ပစ္စည်းတွေကနေ ထွက်ပေါ်လာမယ့် အပူကိုအသုံးပြုပြီး လေထဲကနေ သောက်ရေကိုထုတ်ပေးနိုင်စေဖို့လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီနည်းပညာသာအောင်မြင်ရင် စစ်သည်များရဲ့တိုက်ပွဲအောင်မြင်မှုကလည်း မြင့်မားလာပါလိမ့်မယ်။ **Ref: IE**

**ကိုထက်**

# အစ္စရေး-ဟားမက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသက်ဝင်နေဆဲဟု ထရမ့်ပြော

ဝါရှင်တန်၊ စစ်ရေး

အစ္စရေးနှင့်ဟားမက်တို့ကြား အပြန်အလှန်ပစ်ခတ်မှုများရှိနေသော်လည်း ထိုနှစ်ဖွဲ့ကြားရရှိထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည်အသက်ဝင်နေဆဲဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောသည်။

ထိုနှစ်ဖွဲ့ကြား အပြန်အလှန်တိုက်ခိုက်မှုပြန်လည်ဖြစ်ပွားခြင်းသည် ဟားမက်တို့က စတင်တိုက်ခိုက်လာသည့်အတွက်ဖြစ်ကြောင်း၊ သို့သော် ယင်းသို့တိုက်ခိုက်မှု၌ ခေါင်းဆောင်ပိုင်းများ၏ဆုံးဖြတ်ချက်မပါကြောင်း၊ အစ္စရေးကလည်း ဟားမက်၏ တိုက်ခိုက်လာမှုကို တုံ့ပြန်ခြင်းဖြစ်သည့်အတွက် အပစ်အခတ်ရပ်စဲရေးကအသက်ဝင်နေဆဲပင်ဖြစ်ကြောင်း ထရမ့်ကပြောထားခြင်းဖြစ်သည်။

အဆိုပါနှစ်ဖွဲ့ကြား အပြန်အလှန်ပစ်ခတ်မှုများပြန်လည်ဖြစ်ပွားပြီးနောက် သေဆုံးသူ ၅၁ ဦးနှင့် ဒဏ်ရာရရှိသူ ၁၅၀ ကျော်အထိရှိကြောင်း ဒေသတွင်းသတင်းအရင်းအမြစ်များကပြောထားသည်။

**Ref: Sputnik**

# နယူးဒေလီမြို့၌ လေထုညစ်ညမ်းမှုနှင့်အတူ မီးခိုးမြူထူထပ်မှုက WHO သတ်မှတ်ချက်ထက် ၁၆ ဆပိုများနေ



နယူးဒေလီ၊ ကျန်းမာရေး

အိန္ဒိယနိုင်ငံ၏မြို့တော်ဖြစ်သော နယူးဒေလီမြို့၌ အောက်တိုဘာလ ၂၀ ရက်တွင် လေထုညစ်ညမ်းမှုနှင့်အတူဖြစ်ပေါ်နေသည့် မီးခိုးမြူထူထပ်မှုပမာဏက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)အနေဖြင့် သတ်မှတ်ထားသော ဘေးကင်းသည့်ပမာဏထက် ၁၆ ဆပိုများနေကြောင်း သိရသည်။

အထူးသဖြင့် လေအေးများက လေထုညစ်ညမ်းပစ္စည်းများကို မြေပြင်အနီးတွင် ထိန်းချုပ်ထားသည့်အတွက် ရိုးပြတ်များကိုမီးရှို့ခြင်းမှထွက်ရှိလာသည့် မီးခိုးများ၊ စက်ရုံများနှင့် ယာဉ်ကြောပိတ်ဆို့မှုများမှ ထွက်လာသည့်မီးခိုးများသည် လူများနှင့် ပိုမိုနီးကပ်စွာဖြစ်တည်လာရသည်ဟု တာဝန်ရှိသူများကပြောသည်။

လေထုညစ်ညမ်းမှုတွင်ပါဝင်သည့် သာမကသွေးကြောထဲသို့ပင်စိမ့်ဝင်နိုင်သည့် အထိအရွယ်အစားသေးငယ်ပြီး ကင်ဆာရောဂါကိုဖြစ်စေနိုင်သည့် $PM_{2.5}$ အမှုန်ပမာဏသည် အောက်တိုဘာလ ၂၀ ရက်တွင် ၁ ကုဗမီတာလျှင် ၂၄၈ မိုက်ခရိုဂရမ်အထိပါဝင်သည်ဟု လေထုအရည်အသွေးစစ်တမ်းကောက်ယူသည့် IQAir ၏ထုတ်ပြန်ချက်၌ဖော်ပြထားသည်။ ထို့ပြင် လာမည့်ရက်ပိုင်းအတွင်း လေထုအရည်အသွေးမှာ ပိုမိုဆိုးဝါးလာဖွယ်ရှိကြောင်း အစိုးရ၏ လေထုအရည်အသွေးထိန်းချုပ်ရေးကော်မရှင်ကထုတ်ပြန်ထားသည်။ အလားတူ လေထုညစ်ညမ်းမှုလျော့ကျစေရေးဆောင်ရွက်ချက်များလုပ်ဆောင်ရန်လည်း အဆိုပါကော်မရှင်က တိုက်တွန်းထားကြောင်းသိရသည်။

**Ref: BP**

# အမေရိကန်သမ္မတ၏ ဆွေးနွေးမှုလုပ်ရန် တောင်းဆိုလာမှုကို အီရန်ခေါင်းဆောင် ငြင်းဆို

ဒူဘိုင်း၊ နိုင်ငံရေး

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ထံမှ ဆွေးနွေးမှုလုပ်ရန်တောင်းဆိုလာပြီး ထိုတောင်းဆိုမှုကိုငြင်းဆိုကြောင်း အီရန်နိုင်ငံ၏ခေါင်းဆောင် အယာတိုလာအလီခါမေနီက အောက်တိုဘာလ ၂၀ ရက်တွင်ပြောသည်။ ထို့ပြင် အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းရည်များကိုချေမှုန်းလိုက်နိုင်ပြီဟူသော ထရမ့်၏ပြောဆိုမှုများကိုလည်း အီရန်ခေါင်းဆောင်က ငြင်းဆိုကန့်ကွက်ထားသည်။

ဇွန်လတွင် အစ္စရေးနှင့်အီရန်တို့ကြား ၁၂ ရက်ကြာစစ်ပွဲမဖြစ်ပွားမီ အမေရိကန်နှင့်အီရန်တို့က နျူကလီးယားအရေး သွယ်ဝိုက်ဆွေးနွေးမှုငါးကြိမ်လုပ်ဆောင်ထားနိုင်သည်၊ သို့သော်အမေရိကန်က အီရန်၏နျူကလီးယားစက်ရုံနေရာများကို ဗုံးကြဲတိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက် ထိုနှစ်နိုင်ငံကြား နျူကလီးယားအရေး ဆွေးနွေးမှုများလည်း ပျက်ပြားသွားခြင်းဖြစ်ကြောင်းသိရသည်။

**Ref: ST**

# ခေါင်းဆောင်များ၏ တွေ့ဆုံမှုအတွက် လက်ရော့နှင့် ရူဘီယို ဆွေးနွေးမှုက အပြုသဘောဆောင်

မော်စကို၊ ချစ်ကြည်ရေး

ရုရှားနှင့်အမေရိကန်ခေါင်းဆောင်များ၏တွေ့ဆုံမှုအတွက် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့ကြား ဆွေးနွေးမှုက အပြုသဘောဆောင်သည်ဟု လက်ရော့က အောက်တိုဘာလ ၂၀ ရက်တွင်ပြောသည်။

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့က ဟန်ဂေရီနိုင်ငံ ဘူဒါပတ်မြို့၌ ဒုတိယအကြိမ်အဖြစ် လူချင်းတွေ့ဆုံဆွေးနွေးရန် မကြာသေးမီကတယ်လီဖုန်းဆက်ဆွေးနွေးမှု၌ သဘောတူထားသည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်များ၏ ဆွေးနွေးမှုကိုအကောင်အထည်ဖော်ရေးအတွက် ရူဘီယိုနှင့်ဆွေးနွေးညှိနှိုင်းမှုက ခိုင်မာသောခြေလှမ်းများအဖြစ် ရောက်ရှိခဲ့ကြောင်း ဆာဂျီလက်ရော့ကပြောသည်ဟုသိရသည်။

**Ref: ST**

# ဟောင်ကောင်၌ ကုန်တင်လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား၊ လူနှစ်ဦးသေဆုံး




ဟောင်ကောင်၊ မတော်တဆမှု

ဒူဘိုင်းမှ ဟောင်ကောင်သို့ပျံသန်းလာသည့် ကုန်တင်လေယာဉ်တစ်စင်းသည် အောက်တိုဘာလ ၂၀ ရက်နံနက်ပိုင်းတွင် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဆင်းသက်စဉ် ပြေးလမ်းချော်ပြီးပင်လယ်ထဲသို့ကျသွားကြောင်းနှင့် လူနှစ်ဦးသေဆုံးကြောင်း လေဆိပ်တာဝန်ရှိသူများကပြောသည်။

သေဆုံးသူများသည် လေဆိပ်ရှိမြေပြင်ဝန်ထမ်းများဖြစ်ပြီး ၎င်းတို့၏ကားသည် လေယာဉ်နှင့်တိုက်မိခြင်းကြောင့် ဝန်ထမ်းများသေဆုံးသွားခြင်းဖြစ်သည်။ ကုန်တင်လေယာဉ်၌လိုက်ပါလာသည့် လေယာဉ်အမှုထမ်းလေးဦးကိုမူ အသက်ရှင်လျက်ကယ်ဆယ်လိုက်နိုင်ကြောင်း လေဆိပ်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပြေးလမ်းချော်ပြီး ပင်လယ်ထဲသို့ကျသွားသည့်လေယာဉ်သည် Boeing 747 ကုန်တင်လေယာဉ်ဖြစ်ကြောင်း၊ အဆိုပါမတော်တဆမှုသည် နံနက် ၃ နာရီမိနစ် ၅၀ အချိန်တွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ လေယာဉ်သည် ပြေးလမ်းပေါ်သို့ဆင်းပြီးနောက်မှသာ လမ်းချော်ပြီးပင်လယ်ထဲသို့ ကျသွားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ACT လေကြောင်းလိုင်းကပိုင်ဆိုင်သည့် အဆိုပါ ကုန်တင်လေယာဉ်သည် မတော်တဆမှုဖြစ်ပွားချိန်တွင် မည်သည့်ကုန်ကိုမျှတင်ဆောင်ထားခြင်းမရှိကြောင်း လေကြောင်းလိုင်းကထုတ်ပြန်ထားသည်။

**Ref: BP**

# အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်း ယခုသီတင်းပတ်အကုန်တွင် ပြီးဆုံးနိုင်

ဝါရှင်တန်၊ ပြည်တွင်းရေး

ရက်ပေါင်း ၂၀ ကြာမြင့်လာပြီဖြစ်သည့် အမေရိကန်အစိုးရအဖွဲ့၏ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းသည် ယခုသီတင်းပတ်အကုန်တွင် ပြီးဆုံးနိုင်ခြေရှိကြောင်း အိမ်ဖြူတော်မှစီးပွားရေးအကြံပေး ကယ်ဗင်ဟက်ဆက်က အောက်တိုဘာလ ၂၀ ရက်တွင်ပြောသည်။

အထက်လွှတ်တော်ရှိ ဒီမိုကရက်တစ်အမတ်ခေါင်းဆောင် ချက်ရှူးမားကြောင့် ဖြစ်ပေါ်လာရသည့် အစိုးရအဖွဲ့လုပ်ငန်းရပ်ဆိုင်းမှုသည် ယခုသီတင်းပတ်အတွင်းပြီးဆုံးနိုင်ခြေရှိကြောင်း၊ ထိုသို့ပြီးဆုံးခြင်းမရှိပါက အစိုးရအဖွဲ့အနေဖြင့် အသုံးစရိတ်ဖြတ်တောက်ရသည့် နောက်ထပ်ဆောင်ရွက်ချက်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကယ်ဗင်ဟက်ဆက်က သတင်းဌာနများနှင့်တွေ့ဆုံမေးမြန်းစဉ် ပြောထားသည်။

၂၀၂၆ ခုနှစ်အတွက် အစိုးရအဖွဲ့အသုံးစရိတ်နှင့်ပတ်သက်၍ ဒီမိုကရက်တစ်ပါတီနှင့်ရီပတ်ဘလစ်ကန်ပါတီတို့ကြား သဘောထားကွဲလွဲမှုကြောင့် ကွန်ဂရက်က အဆိုပါအသုံးစရိတ်ကို အတည်မပြုနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းပြီး နိုင်ငံ့ဝန်ထမ်း ၂ သန်းခန့်မှာ လစာမရရှိသေးကြောင်း၊ ၇၅၀၀၀၀ ခန့်မှာအလုပ်ပြုတ်သွားရကြောင်း တာဝန်ရှိသူများကပြောသည်။

**Ref: AGC**



# ၂၀၂၅ ခုနှစ် အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် သုံးရက်မှခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၂ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**(မိုး/ဇလ)**




မွန်ပြည်နယ်၌ ဖမ်းဆီး ရမိမှု။

**❖ ကျောဖုံးမှအဆက်**

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၇ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **အောက်တိုဘာလ ၁၈ ရက်**တွင် ကော့သောင်းမြို့နယ်၊ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၉၅၄၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၄၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၂၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့်သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိအသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **မြဝတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၂၀ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၅ | ၂၈၅၅ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၁၀ |
| 95 Ron | ၂၇၉၀ | ၂၉၀၅ | ၂၈၇၀ | ၂၈၀၅ | ၂၉၁၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၆၅ | ၄၅၆၀ | ၃၁၅၅ | ၂၈၈၀ | ၂၉၃၅ | ၂၉၅၀ | ၂၉၁၅ | ၂၉၄၀ | ၃၁၉၅ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၇၅ | ၂၅၄၅ | ၂၄၈၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၁၅ | ၂၅၃၅ | - | ၂၈၃၀ | ၂၅၅၀ | ၃၁၇၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၁၀ | ၂၈၆၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | ၄၈၃၀ | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | - | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၄ | ၂၆၂၉ |
| 95 Ron | ၂၆၂၉ | ၂၇၁၅ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၆ |
| HSD (50 ppm) | ၂၈၃၂ | ၂၉၁၈ |
| HSD (10 ppm) | ၂၈၃၂ | ၂၉၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"မူးယစ်ဆေးဝါးနဲ့ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့"** ခေါင်းစဉ်ဖြင့် ၂၂-၁၀-၂၀၂၅ရက် မွန်းလွဲ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၉-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ကိုယ်ကိုယ်တိုင်ကတံတားဆောက် လမ်းဖောက်တာမျိုးမလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့် အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**● ရခိုင်ယူနိုက်တက်အသင်းမှ**

အသင်းတစ်သင်းဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းသည် ငါးပွဲကစားအပြီး ငါးပွဲရှုံးထားကာ နိုင်ပွဲပျောက်နေသည့်အသင်းတစ်သင်းဖြစ်သည်။

ပြိုင်ပွဲအစတွင် ရခိုင်အသင်းက ခံစစ်အသားပေးကစားသည်ဆိုသော်လည်း လျင်မြန်သည့် တန်ပြန်တိုက်စစ်က ပြိုင်ဘက်သစ္စာအားမာန်အသင်းကို စိုးရိမ်မှုပေးစွမ်းခဲ့သလို အမှန်တကယ်လည်းဂိုးပေါက်ခြိမ်းခြောက်မှုများရှိခဲ့သည်။ သစ္စာအားမာန်အသင်း ယနေ့ပြိုင်ပွဲတွင် ဒဏ်ရာရကစားသမားအချို့ ပြန်လည်ဝင်ရောက်နိုင်ခြင်းမရှိသည့်အတွက် တိုက်စစ်အသားပေးကစားခဲ့သော်လည်း ရခိုင်အသင်း နောက်တန်းခံစစ်ကို မကျော်နိုင်ဘဲရှိသည်။ ပထမပိုင်းသူတင်ကိုယ်တင်ကစားခဲ့ကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းတိုက်စစ်မြှင့်ကစားလာကြသော်လည်း အပေးအယူအချိတ်အဆက် ပိုမိုထိမိလာသည့် ရခိုင်အသင်းက ဦးဆောင်ကစားခဲ့ပြီး ပွဲကစားချိန် ၇၅ မိနစ်တွင် တိုက်စစ်မှူး မိုစတာဖာက ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့အတူ ပွဲကစားချိန် ၈၄ မိနစ်တွင် မိုစတာဖာ၏ဖန်တီးပေးပို့မှုကနေ အောင်နိုင်ဝင်းက ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြီး ပွဲကစားချိန်ပြီးဆုံး၍ နာကျင်အချိန်ပိုတွင် မင်းခန့်ကျော်၏ထောင့်ကန်ဘောကနေ မက်ဆိုက တတိယဂိုးသွင်းယူကာ ရခိုင်ယူနိုက်တက်အသင်းအတွက် နိုင်ပွဲတစ်ပွဲကိုအတည်ဖြစ်စေခဲ့သည်။

ထို့အတူ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားသည့် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) ပြိုင်ပွဲ၏ အခြားပွဲစဉ်တစ်ခုဖြစ်သည့် ရာမညယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက ၅ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

# ရွှေသောင်ယံကမ်းခြေသို့ တစ်လတာကာလအတွင်း ခရီးသွားဧည့်သည် ၁၃၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့

**ပုသိမ် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၃၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်၏ပြောဆိုချက်အရ သိရသည်။

ရွှေသောင်ယံကမ်းခြေသို့ စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ခရီးသွားဧည့်သည် ၁၃၂၄၃ ဦးအထိ လာရောက်လည်ပတ်ခဲ့သည်။

"ပြီးခဲ့တဲ့စက်တင်ဘာလအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ခရီးသွားဧည့်သည်တွေ များပါတယ်။ နေ့ချင်းပြန်လာရောက်တဲ့ ခရီးသွားဧည့်သည်တွေများပါတယ်။ စနေနေ့နဲ့ တနင်္ဂနွေနေ့တွေမှာ အများဆုံးလာရောက်ကြပါတယ်။ ပြီးခဲ့တဲ့စက်တင်ဘာလအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ပါတယ်"ဟု ဒေါ်ချယ်ရီမြင့်ကပြောသည်။

ရွှေသောင်ယံကမ်းခြေ၌ ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များအပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၂၀ ကျော်ဖြင့် ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များအဆင်ပြေစေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားဝန်ဆောင်မှုပေးသည့် အသင်းအဖွဲ့များ၊



ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ ဒေသခံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ဘားအံမြို့နယ် လှာကာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှာကာကျေးရွာအုပ်စု လှာကာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာလ ၂၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခိုင်သဇင်ညိုနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လှာကာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိ (နည်းပညာ) က လုပ်ငန်းများ အရည်အသွေးပြည့်မီကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး လိုအပ်သည်များကို ပြောကြားသည်။

လှာကာကျေးရွာ၌ အကျယ် ၄ လက်မ ခွဲ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ရေစင်တည်ဆောက်ခြင်း၊ ရေစင်အောက်ခန်းဖွဲ့ခြင်း၊ ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုငွေ ငွေကျပ် ၅၄ ဒသမ ၂၅ သန်း အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက



ယခုနှစ်မေလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# ရေကြီးမှုကြောင့် စိုက်ပျိုးမြေထိခိုက်ခဲ့သော ကျေးရွာအုပ်စုများတွင် ဆောင်းသီးနှံများ အစားထိုး ပြန်လည်စိုက်ပျိုးရန်စီစဉ်

**မင်းဘူး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ စက်တင်ဘာလက ဆားပွက်ချောင်းရေကြီးမှုကြောင့် စိုက်ပျိုးမြေထိခိုက်ခဲ့သော ကျေးရွာအုပ်စုများတွင် ဆောင်းသီးနှံများ အစားထိုးပြန်လည်စိုက်ပျိုးရန် စီစဉ်ထားကြောင်း သိရသည်။


မင်းဘူး(စကု)မြို့နယ်၌ စက်တင်ဘာလအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တောင်ကျချောင်းရေများသည် ဆားပွက်ချောင်းအတွင်း စီးဆင်းဝင်ရောက်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး မြို့နယ်အတွင်းရှိ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ပေါက်ပင်တွင်းကျေးရွာအုပ်စုနှင့် မောင်းမကန်ကျေးရွာအုပ်စုတို့၌ စိုက်ပျိုးမြေဧက ၆၀၀ ကျော် ထိခိုက်ပျက်စီးခဲ့သည်။

"စက်တင်ဘာလအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့တာကြောင့် မင်းဘူး(စကု)မြို့နယ်မှာရှိတဲ့ ဆားပွက်ချောင်းမှာ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပါတယ်။ ချောင်းဖျားခံတဲ့ဒေသတွေမှာ မိုးရွာသွန်းမှုများခဲ့ပြီး ချောင်းအကွေ့အကောက်တွေကြောင့် ချောင်းရေမြင့်တက်ရာကနေ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ကောက်ယူထားတဲ့စာရင်းတွေအရ ကျေးရွာအုပ်စုသုံးအုပ်စုမှာ စိုက်ပျိုးမြေ ၆၂၉ ဧက ထိခိုက်ပျက်စီးခဲ့ပါတယ်"ဟု မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးကျော်စိုးလင်းကပြောသည်။

ထိခိုက်ပျက်စီးသွားသော စိုက်ပျိုးမြေများပေါ်၌ ယခင်ကစိုက်ပျိုးထားသော သီးနှံပင်များအစား ဆောင်းသီးနှံများကို ရာသီအမီ အစားထိုးပြန်လည်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ရန်ကုန်မြို့၌ ၂၀၂၅ ခုနှစ် အမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နှင့် ShweTaung Bond Club တို့ပူးပေါင်းကျင်းပမည့် ၂၀၂၅ ခုနှစ် အမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲကို နိုဝင်ဘာလ ၁၁ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါကြက်တောင်ပြိုင်ပွဲတွင် အသက်ကိုးနှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်ကိုးနှစ်အောက် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၁ နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၁ နှစ်အောက် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၃ နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၃ နှစ်အောက် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၅ နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၅ နှစ်အောက် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် အသက် ၁၇ နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၇ နှစ်အောက် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ လူသစ်တန်းအမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင်တန်း အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ယင်းပြင် သာမန်တန်း အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ သာမန်တန်း အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ နှစ်ယောက်ပေါင်း ၉၀ ပြိုင်ပွဲ၊ ၁၀၀ ပြိုင်ပွဲ၊ ၁၁၀ ပြိုင်ပွဲ၊ ၁၂၀ ပြိုင်ပွဲ၊ အကြီးတန်းအမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အကြီးတန်းအမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အကြီးတန်းအမျိုးသားနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ် အမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲကို နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်အားကစားသမားများပေါ်ပေါက်လာစေရန်၊ အားကစားသမားများ မိမိတို့အားကစားအရည်အသွေးကိုမြှင့်တင်လိုစိတ် ထက်သန်လာစေရန်၊ သက်တမ်းအလိုက်ပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများကျင်းပပေးခြင်း၊ အလားအလာကောင်းသောမျိုးဆက်သစ်လူငယ်အားကစားမောင်မယ်များအား ရွေးချယ်စုစည်းလေ့ကျင့်ပေးခြင်းဖြင့် မြန်မာ့ကြက်တောင်အားကစားအဆင့်အတန်းကို မြှင့်တင်ရန်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

# မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာသိမှတ်စရာများ အသိပညာပေး



မြိတ် အောက်တိုဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြစ်ငယ်ရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာ့ဗိမာန် ခန်းမ၌ အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် မြိတ်ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းမိသားစုများအား မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ သိမှတ်စရာများ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းဦးက အထွေထွေရွေးကောက်ပွဲဆိုင်ရာသိမှတ်ဖွယ်ရာများ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ် MEVM မဲပေးစက်နည်းပြ ဦးသန်းဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြိတ်ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းမိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# မြဝတီမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

မြဝတီ အောက်တိုဘာ ၂၀

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ ကျင်းပသည်။

ထိုသို့ လူငယ်ရေးရာဟောပြောပွဲ ဆောင်ရွက်ရာတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးသက်ဇော်ထွန်းက လူငယ်များအား လူကုန်ကူးမှု မခံရစေရေး လူကုန်ကူးခြင်းခံရသည့် ဖြစ်စဉ်များ၊ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ၊ ဖြားယောင်းသွေးဆောင်မှုများအား အယုံမလွယ်ကြစေရေး သတိပြုဆင်ခြင်ရမည့် အချက်များကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် အမှား၊ အမှန်ကိုဝေဖန်တတ်စေရန် ဗဟုသုတရရှိစေမည့်စာအုပ်စာပေများ ဖတ်ရှုလေ့လာရမည့်နည်းလမ်းများ အသိပညာပေးဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မိုးသိန်းက လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် ဆင်ခြင်ရမည့် အချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေးစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၀၆)

# ချောင်းဆုံမြို့နယ်၌ မြတ်ဆရာပူဇော်ပွဲကျင်းပ



ချောင်းဆုံ အောက်တိုဘာ ၂၀


မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ အသက် ၇၀ နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၂၅၉ ဦးတို့အား ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်(၂၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၉ ရက်တွင် ချောင်းဆုံအခြေခံပညာအထက်တန်းကျောင်းရှိ သီရိရတနာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာ၊ ဆရာမများက "ဦးခိုက်လျက်ပါ မြတ်ဆရာ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး မြို့နယ်ပညာရေးမှူး ဦးလှငွေးက မြတ်ဆရာပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပရဟိတလုပ်ငန်းဆောင်ရွက်သူတစ်ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုများအသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ မြတ်ဆရာပူဇော်ပွဲတက်ရောက်လာကြသူများက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက်တာဝန်ရှိသူများက အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ဂါရဝလက်ဆောင်ပေးအပ်ခြင်း၊ ကံစမ်းမဲများဖွင့်ဖောက်ပေးခြင်းတို့ပြုလုပ်၍ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**




# သရက်ပင်တွင်ကျရောက်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေး

တောင်ကြီး အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် လှဆန်းယဉ်ခန်းမ၌ အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် သရက်ပင်တွင်ကျရောက်သောရောဂါများကာကွယ်နှိမ်နင်းရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရှမ်းပြည်နယ်သည် နိုင်ငံခြားပို့ကုန်သီးနှံများဖြစ်သော သရက်၊ ထောပတ်၊ ပြောင်း၊ လက်ဖက်နှင့် ဟင်းသီးဟင်းရွက်အမယ်စုံစွာ စိုက်ပျိုးထုတ်လုပ်တင်ပို့နေသော ပြည်နယ်ဖြစ်သောကြောင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်အောင်ဆောင်ရွက်နိုင်ရေးသည်အရေးကြီးကြောင်း ပြောကြားပြီး ရပ်စောက်မြို့ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်းဥက္ကဋ္ဌဦးမြင့်ဦးက ပညာပေးသင်တန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်တွင်းစားသုံးသူများ အစားအစာဘေးကင်းလုံခြုံမှုရှိရေးသည် အရေးကြီးကြောင်း၊ ဝန်ထမ်းများ၊ သီးနှံစိုက်တောင်သူများ၊ ပိုးသတ်ဆေးအရောင်းဆိုင်များ၊ စိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့ရောင်းချနေသူများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာပညာရှင်များက သရက်ပင်တွင် ကျရောက်သော ဖျက်ပိုးများအား ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ ဓာတ်မြေသြဇာစနစ်တကျ အချိန်ကိုက်အချိုးကျသုံးစွဲရေးအကြောင်းများကို ပညာပေးဆွေးနွေးကြသည်။

ယင်းနောက်တက်ရောက်လာသူများက သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြောင်း သိရသည်။

(၄၀၅)

**မြဝတီရုပ်မြင်သံကြား အစီအစဉ်**

၂၁-၁၀-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၁:၀၀ သီချင်းလက်ဆောင်
၅။ ၁၂:၀၀ ကျန်းမာသုတ
၆။ ၁၃:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၇။ ၁၄:၀၀ Sharing Knowledge
၈။ ၁၅:၀၀ တစ်ချိန်ကသူတို့အကြောင်း
၉။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၉:၀၀ **CGTN Nature အပိုင်း(၁၀)**

**MWD Variety Channel** ၂၁-၁၀-၂၀၂၅(အင်္ဂါနေ့)

၁။ ၁၀:၃၀ ကျန်းမာသောဘဝ
၂။ ၁၁:၃၅ ဖတ်ပါ မှတ်ပါ လေ့လာပါ
၃။ ၁၂:၃၀ ဥပဒေမှတ်စု
၄။ ၁၅:၄၅ ကြည်နူးဖူးမြော် ဘုရားပုထိုးစေတီတော်
၅။ ၁၆:၅၀ Sport Icon

# လှိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်



လှိုင်ကော် အောက်တိုဘာ ၂၀

လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာနှင့်လင်ဖုံလေးကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျေးရွာပြည်သူများထံ သွားရောက်တွေ့ဆုံသည်။

ဦးစွာ လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာတောင်မေ့ဘုန်းတော်ကြီးကျောင်း ဥဩဇာဗိမာန်ဓမ္မာရုံ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဝင်ရောက်နေထိုင်ကြသူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အမြန်ပြန်လည်လုပ်ကိုင်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ရပ်ရွာဒေသအား ယခင်ကဲ့သို့စည်ပင်သာယာဖွံ့ဖြိုးလာအောင် ကျေးရွာနေပြည်သူများကလည်း ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နယ်မြေခံတပ်မှတာဝန်ရှိသူက နယ်မြေလုံခြုံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ကျေးရွာပြည်သူများက ဘုန်းတော်ကြီးကျောင်းများ၊ နေအိမ်များ၊ စာသင်ကျောင်းများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ဆောင်းသီးနှံနေကြာနှင့် နွေစပါးစိုက်ပျိုးနိုင်ရေးကိစ္စရပ်များ၊ အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ဆောင်လိုသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များအတွက် အမိုးသွပ်နှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဆောင်းသီးနှံနေကြာစိုက်ပျိုးမည့်တောင်သူများအတွက် နေကြာမျိုးစေ့ထုပ်များကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍တောင်မေ့ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ အခြေခံပညာအထက်တန်းကျောင်း(ကုန်းသာ)ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရန်အတွက် စာသင်ဆောင်များ ပြုပြင်ဆောင်ရွက်သွားရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် လင်ဖုံလေးကျေးရွာ လင်ဖုံလေးပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာစွမ်းသျှန်ကျောင်းတိုက် ဆရာတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လင်ဖုံလေး(အထက်နှင့်အောက်) ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က လင်ဖုံလေးကျေးရွာသည် ယခင်က လှိုင်ကော်မြို့သို့ ဟင်းသီးဟင်းရွက်များ အဓိကတင်ပို့ရောင်းချသည့် ကျေးရွာဖြစ်ကြောင်း၊ ယခုလည်း ဟင်းသီးဟင်းရွက်များကို ဒေသဖူလုံရုံသာမက အခြားနေရာများသို့ တင်ပို့ရောင်းချနိုင်သည်အထိ တိုးချဲ့စိုက်ပျိုးသွားကြစေလိုကြောင်းပြောကြားပြီး အခြေခံပညာအလယ်တန်းကျောင်း (လင်ဖုံလေး) ကျောင်းမှ ဆရာ၊ ဆရာမများ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ကျေးရွာအတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ဇိနမာန်အောင်စေတီတော်မြတ်နှင့်မိုးကောင်းဘုရားများ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့်အခြေအနေကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အခြေခံပညာအလယ်တန်းကျောင်း(လင်ဖုံလေး)ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြုပြင်ဆောင်ရွက်ရမည့်အခြေအနေကို လည်းကောင်း၊ မင်္ဂလာစွမ်းသျှန်ဘုန်းတော်ကြီးကျောင်းအတွင်း ယာယီဖွင့်လှစ်ထားသည့် အခြေခံပညာအလယ်တန်းကျောင်း(လင်ဖုံလေး) ကျောင်း စာသင်ခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။

ခင်စောတင့်

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၀

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

### ၂၀-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ၁ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**




### အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)အရ Li Yang International Trade Logistic Company Limited လီရန်အပြည်ပြည်ဆိုင်ရာကုန်သွယ်ကူးသန်းရောင်းဝယ်ပို့ဆောင်ရေးကုမ္ပဏီလီမိတက် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၅၁၂၈၄၅၇(၁၈-၁၀-၂၀၂၂)၏ ဖျက်သိမ်းခြင်းကို (၂၀-၁၁-၂၀၂၅)နေ့ နံနက်(၉:၀၀)နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းခြင်းနှင့် နောက်ဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက် အောက်ပါလိပ်စာအတိုင်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရှေ့နေအမည် - ဦးရှင်ငြိမ်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)

ရှေ့နေလိပ်စာ - အမှတ်(၅၀)၊ ၅၆ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### ပျောက်ဆုံးကြောင်း

နန်းဟွမ်(ဘ)ဦးဆမ်နွဲ့ ၁၃/ကတန(နိုင်)၀၉၉၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၈၁၇၉၉၆

### အမည်ပြောင်း

ဦးအေးမင်းခိုင်+ဒေါ်သီရိအောင်တို့၏သမီး နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ Full Moon (ကိုယ်ပိုင်ကျောင်း) Grade-6 မှ မမိုးဝသုန်ခိုင်အား မအိန္ဒြာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မအိန္ဒြာအောင်

### ပျောက်ဆုံးကြောင်း

သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်နေ ဦးဝဏ္ဏ(ဘ)ဦးတိုးကြည် ၁၂/သဃက(နိုင်)၀၄၄၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၈၁၄

### ပျောက်ဆုံးကြောင်း

ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်နေ သီရိကျော်(ဘ)ဦးစောလှိုင် ၇/ဝမန(နိုင်) ၁၉၈၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၈၈၃၈၁၁

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၈)နေ မစုံးဟွာ(ဘ)ဦးကျောက်လောက်ဝမ်း ၁၃/လရန(နိုင်)၂၇၄၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၁၁၀၃၇၁၄

### ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ သုံးခွအုပ်စု၊ ဝါးတောကျေးရွာနေ မောင်အာကာဟိန်း(ဘ)ဦးအောင်မြင့် ၁၄/မအပ(နိုင်)၃၇၃၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၆၆၆၄၆

### ပျောက်ဆုံးကြောင်း

ကျော်ထက်အောင်(ဘ)ဦးအောင်ဆွေ ၅/မကန(နိုင်)၀၃၁၆၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၆၁၃၁၇၀

### ပျောက်ဆုံးကြောင်း

အောင်နေဦး(ဘ)ဦးမင်းအောင် ၅/ဘတလ(နိုင်)၁၂၈၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဇင်မာလွင်(ဘ)ဦးထွန်းဦး ၁၀/ကထန(နိုင်)၁၀၉၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 950890)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

အိမ့်ခြူးပို(ဘ)ဦးဇော်မြင့် ၁၄/ဟကက(နိုင်)၀၃၆၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

နန့်သင်းသင်းဌေး(ဘ)မန်းဖလန်စစ် ၁၄/မမန(နိုင်)၃၃၈၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 257196)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

အိန္ဒြေကြည်စင်(ဘ)ကျော်နိုင် ၁၂/စခန(နိုင်)၀၈၄၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 964326)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

စုမြတ်မွန်(ဘ)ဦးထွေးသန်း ၆/လလန(နိုင်)၁၁၉၁၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

စုစုနန္ဒာအေး(ဘ)ဦးအေးလွင် ၁၂/ဥကမ(နိုင်)၁၈၈၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 747921)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဝင်းမာလာ(ဘ)ဦးသိန်းဝင်း ၉/ပမန(နိုင်)၁၄၉၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 480666)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၁၀၃၅၇၃

### ပျောက်ဆုံးကြောင်း

နေဇော်ထွန်း(ဘ)ဦးသန်းစိုး(ခ)ဇော်ဝင်း ၉/ပမန(နိုင်)၂၅၈၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 384296)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၆၉၅၅၄၆

### ပျောက်ဆုံးကြောင်း

သန်းစိုး(ဘ)ဦးသိန်းဟန် ၉/ပမန(နိုင်)၀၁၀၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၅၀၅၇၈

### ပျောက်ဆုံးကြောင်း

နီတာ(ဘ)ဦးအောင်သောင်း ၉/ရမသ(နိုင်)၁၈၄၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း

မေသန္တာကျော်(ဘ)ဦးကျော်ဆွေ ၁၂/လမန(နိုင်)၁၄၂၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဇော်ဝင်း(ဘ)ဦးမိုဟာမက်စီဒီး(စ်) ၁၂/ပဘတ(နိုင်)၀၁၇၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဖြိုးဖြိုးဝေ(ဘ)ဦးတင်လွင် ၁၂/အစန(နိုင်)၁၉၉၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၅၃၅၃၂၄

### ပျောက်ဆုံးကြောင်း

ရဲလင်းထွန်း(ဘ)ဦးထွန်းရီ ၁၂/ကမန(နိုင်)၁၀၉၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 645874)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း

ဒေါ်အေးအေးခိုင်(ဘ)ဦးကျော်ရှိန် ၁၀/သရဖ(နိုင်)၁၄၀၃၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၁၆၈၁၀

# ဗီလာရီးယဲလ်နှင့်ဘာစီလိုနာအသင်းတို့၏ စပိန်လာလီဂါပွဲစဉ်ကို နိုင်ငံပြင်ပ၌ ယှဉ်ပြိုင်ကစားမည့်အစီအစဉ်ကို ဆန့်ကျင်မှုများပြုလုပ်




မက်ဒရစ် အောက်တိုဘာ ၂၁

ပြီးခဲ့သည့် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ် (၈)တွင် အသင်းတချို့ရှိ ကစားသမားများသည် လာလီဂါပွဲစဉ်ကို နိုင်ငံပြင်ပ၌ ယှဉ်ပြိုင်ကစားမည့်အစီအစဉ်ကို ဆန့်ကျင်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း စပိန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လာမည့် ဒီဇင်ဘာလ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဗီလာရီးယဲလ်နှင့် ဘာစီလိုနာအသင်းတို့၏ လာလီဂါအမှတ်ပေးပွဲစဉ်ကို မိုင်ယာမီမြို့ရှိ Hard Rock ဘောလုံးကွင်း၌ ကျင်းပရန်ဆုံးဖြတ်ခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်ကြောင့် စပိန်နိုင်ငံဘောလုံးလောကတွင် အငြင်းပွားဖွယ်ရာများဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် စပိန်လာလီဂါအသင်းများဖြစ်ကြသည့် ဘာစီလိုနာနှင့် အိုဆာဆူနာအသင်း၊ အက်သလက်တီကိုနှင့် ဂီရိုနာအသင်းတို့၏ပွဲစဉ်များတွင် ဆန့်ကျင်မှုအနေဖြင့် ပွဲအစ ၁၅ စက္ကန့်အထိ ကစားသမားများသည် မလှုပ်ရှားဘဲ ငြိမ်သက်စွာနေခဲ့ကြသည်။

ထို့ပြင် အိုဗီဒိုနှင့်အက်စ်ပန်ညိုအသင်းတို့၏ ပွဲစဉ်တွင်လည်းကောင်း၊ ဆီဗီလာနှင့် မာယော့ကာအသင်းတို့၏ ပွဲစဉ်တွင်လည်းကောင်း ဗီလာရီးယဲလ်နှင့် ဘက်တစ်အသင်းတို့၏ ပွဲစဉ်တွင်လည်းကောင်း ဆန့်ကျင်မှုကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။

သို့သော် စပိန်လာလီဂါအသင်းများ၏ ထိုကဲ့သို့ သပိတ်မှောက်ခြင်းကို ပြည်တွင်းရုပ်သံကင်မရာများက မြင်ကွင်းကျယ်ဖြင့် ထင်ရှားစွာမပြသဘဲ ဘောလုံးကွင်း၏ အပေါ်စီးမှ ကွင်းလယ်စက်ဝိုင်းကိုသာ ရိုက်ကူးထုတ်လွှင့်မှုပြုလုပ်ခဲ့သည်။

စပိန်ဘောလုံးသမားများသမဂ္ဂသည် လာလီဂါကလပ်များမှအသင်းခေါင်းဆောင်များနှင့် ပူးပေါင်းကာ ပြည်တွင်းလိဂ်ပွဲကို နိုင်ငံရပ်ခြားတွင်ကစားရန် ပုဂ္ဂလိက ဆုံးဖြတ်ချက်များဖြင့် ဆုံးဖြတ်ခဲ့မှုအပေါ် ဆန့်ကျင်သည့်အနေဖြင့် လာလီဂါပွဲစဉ်များ၏ပွဲအစ ၁၅ စက္ကန့်အထိ မလှုပ်ရှားဘဲ သပိတ်မှောက်ကြရန် အစောပိုင်းကာလကတည်းက နှိုးဆော်ထားကြောင်း သိရသည်။

*Ref; Goal.com*

# မေဂျာလိဂ်ဘောလုံးပြိုင်ပွဲ၏ ရွှေဖိနပ်ဆုကို အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး မက်ဆီရရှိ




မိုင်ယာမီ အောက်တိုဘာ ၂၀

အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး မက်ဆီသည် အမေရိကန်မေဂျာလိဂ်ဘောလုံးပြိုင်ပွဲ၏ ရွှေဖိနပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် နက်ရှ်ဗီလီအသင်းကို ၅ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသည့် မေဂျာလိဂ်ပြိုင်ပွဲ၏ ရာသီသိမ်းပွဲစဉ်တွင် ယခုဘောလုံးရာသီ၏ပထမဆုံးဟတ်ထရစ်သွင်းဂိုးကို သွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ကာ ၂၈ ပွဲတွင် စုစုပေါင်းသွင်းဂိုး ၂၉ ဂိုးဖြင့် ရွှေဖိနပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ယခုနှစ်အမေရိကန်မေဂျာလိဂ်ဘောလုံးရာသီတွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုစုစုပေါင်း ၄၈ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပြီး ထိုအကြိမ်အရေအတွက်သည် သွင်းဂိုး ၄၃ ဂိုး သွင်းယူနိုင်ခဲ့သည့် ဟောက်စတန်ဒိုင်နမိုအသင်း၊ သွင်းဂိုး ၄၂ ဂိုးစီသွင်းယူနိုင်ခဲ့သည့် ကိုလိုရာဒိုရာပစ်အသင်း၊ စိန့်လူးဝစ်စီးတီးအသင်းနှင့် နယူးအင်္ဂလန်ရီဗော်လူးရှင်းအသင်း၊ သွင်းဂိုး ၄၀ ဂိုးသွင်းယူနိုင်ခဲ့သည့် ပေါ့လန်းတစ်ဘားအသင်း၊ သွင်းဂိုး ၃၇ ဂိုးသွင်းယူနိုင်ခဲ့သည့် အတ္တလန္တာယူနိုက်တက်အသင်း၊ သွင်းဂိုး ၃၆ ဂိုးသွင်းယူနိုင်ခဲ့သည့် ရီးယဲလ်ဆော့လိတ်အသင်း၊ သွင်းဂိုး ၃၄ ဂိုးသွင်းယူနိုင်ခဲ့သည့် မွန်ထရီရယ်အသင်း၊ သွင်းဂိုး ၃၃ ဂိုးသွင်းယူနိုင်ခဲ့သည့် တိုရွန်တိုအသင်းနှင့် သွင်းဂိုး ၂၈ ဂိုးသွင်းယူနိုင်ခဲ့သည့် ဒီစီယူနိုက်တက်အသင်းတို့ထက် သာလွန်နေသည့်အပြင် ၎င်း၏ ယခုဘောလုံးရာသီသွင်းဂိုးနှင့် ဂိုးဖန်တီးမှုစွမ်းဆောင်ရည်သည် အယ်အောလက်ဆီ တစ်သင်းလုံး၏သွင်းဂိုးနှင့်လည်း တူညီနေသည်။

ထို့ပြင် တိုက်စစ်မှူးမက်ဆီသည် အင်တာမိုင်ယာမီအသင်းကို ၂၀၂၃ ခုနှစ် ဇူလိုင်လက ရောက်ရှိလာပြီး ရွှေဖိနပ်ဆုကို ပထမဆုံးဆွတ်ခူးရရှိမှုနှင့်အတူ မေဂျာလိဂ်၏ တန်ဖိုးအရှိဆုံးကစားသမားဆုကိုပါ ထပ်မံဆွတ်ခူးနိုင်မည်ဆိုပါက ၎င်းသည် အဆိုပါဆုကို နှစ်နှစ်ဆက် ဆွတ်ခူးနိုင်မည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

အင်တာမိုင်ယာမီအသင်းသည် ယခုဘောလုံးရာသီပြီးဆုံးချိန်တွင် အရှေ့ပိုင်းကွန်ဖရင့်ဇုန် အမှတ်ပေးဇယား အဆင့်(၃)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အိမ်ကွင်းတွင် နက်ရှ်ဗီလီအသင်းနှင့် ပလေအော့ဖ်ပထမအဆင့်ပွဲစဉ်အဖြစ် ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

# မန်ယူအသင်းကို ပေါင် ငါးဘီလီယံဖြင့် ဝယ်ယူနိုင်ရေး ယူအေအီးဘီလျံနာများ ကြိုးပမ်းနေ

မန်ချက်စတာ အောက်တိုဘာ ၂၀

ယူအေအီးဘီလျံနာအုပ်စုတစ်စုသည် မန်ယူအသင်းကို ပေါင် ငါးဘီလီယံဖြင့် ဝယ်ယူနိုင်ရေး ကြိုးပမ်းနေကြောင်း သိရသည်။

ယူအေအီးနိုင်ငံမှ အမည်မသိ ရင်းနှီးမြှုပ်နှံရေးအဖွဲ့သည် မန်ယူအသင်းကို ပေါင် ငါးဘီလီယံဖြင့် အပြီးသတ်ဝယ်ယူနိုင်ရေး ကမ်းလှမ်းရန် စီစဉ်နေကြခြင်းဖြစ်ကာ ထိုသို့ဝယ်ယူနိုင်ရန် ဂန္ထဝင်ကစားသမား ဒေးဗစ်ဘက်ခမ်း၏ အကူအညီကို ရရှိနိုင်ရန်လည်း ကြိုးပမ်းနေကြသည်။

ထို့ပြင် ယူအေအီးဘီလျံနာအုပ်စုသည် မန်ယူအသင်းအား ဝယ်ယူနိုင်ရေးကြိုးပမ်းမှုတွင် ဒေးဗစ်ဘက်ခမ်းကို သံတမန်အဖြစ် ဆောင်ရွက်ပေးရေး တောင်းဆိုထားခြင်းဖြစ်ကာ ၎င်းအနေဖြင့်လည်း လက်ရှိတွင် အင်တာမိုင်ယာမီနှင့် ဆဲလ်ဖို့ဒ်စီးတီးအသင်းတို့ကို ပူးတွဲပိုင်ဆိုင်ထားသူဖြစ်ပြီး အကယ်၍ မန်ယူအသင်းကို ဝယ်ယူနိုင်ရေး ကြိုးပမ်းမှု အောင်မြင်ပါက ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးပါ ထပ်မံရရှိနိုင်ဖွယ်ရှိသည်။

လက်ရှိတွင် မန်ယူအသင်း၏ ဈေးကွက်တန်ဖိုးသည် ပေါင် နှစ်ဘီလီယံခန့်သာရှိသော်လည်း အသင်းပိုင်ရှင်ဂလေဇာ မိသားစုအနေဖြင့် ရောင်းချမည်ဆိုပါက ပေါင် ငါးဘီလီယံခန့်ရရှိမှသာ ရောင်းချနိုင်မည့်အခြေအနေရှိနေသည်။

ဂလေဇာမိသားစုသည် မန်ယူအသင်း၏ အစိတ်ရှယ်ယာအများစုကို ထိန်းချုပ်ထားသည်ဆိုသော်လည်း အသင်း၏ရှယ်ယာ ၃၀ ရာခိုင်နှုန်းခန့်ကို ဗြိတိန်ဘီလျံနာ ဆာဂျင်မ်ရက်ကလစ်၏ INEOS ထံ ၂၀၂၃ ခုနှစ်က ပေါင် ၁ ဒသမ ၂ ဘီလီယံဖြင့် ရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။ *Ref; Fabrizio Romano*

# တိုက်စစ်မှူး ဟာလန်းသည် အသင်း၏ အဓိကအကျဆုံး ကစားသမားဖြစ်ကြောင်း နည်းပြ ဂွါဒီယိုလာ ပြောကြား

မန်ချက်စတာ အောက်တိုဘာ ၂၀

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက တိုက်စစ်မှူး ဟာလန်းသည် လက်ရှိအချိန်တွင် အသင်း၌ အဓိကအကျဆုံးကစားသမားဖြစ်ကြောင်း ချီးကျူးပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၈) အဖြစ် ယှဉ်ပြိုင်ကစားသည့် အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင် ၂ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ အဆိုပါဂိုးများကို တိုက်စစ်မှူးဟာလန်းက သွင်းယူခဲ့ခြင်းကြောင့် ၎င်းအနေဖြင့် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ရှစ်ပွဲတွင် ၁၁ ဂိုး သွင်းယူထားနိုင်ပြီး သွင်းဂိုးအများဆုံးကစားသမားအဖြစ် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။

ထို့ပြင် ဟာလန်းသည် ယခုဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့် နော်ဝေလက်ရွေးစင်အသင်းအတွက် စုစုပေါင်း ၁၃ ပွဲ ကစားခဲ့ပြီး ၂၃ ဂိုးသွင်းယူနိုင်ခဲ့သည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက "အရင်တုန်းက အသင်းရဲ့ဂန္ထဝင်တိုက်စစ်မှူး ဆာဂျီယိုအဂွဲရိုက သူ့ရဲ့ ခေါင်းတိုက်သွင်းဂိုးတွေ များများစွာသွင်းယူခဲ့ပါတယ်။ အခုဟာလန်းကလည်း အဲဒီလိုပဲ ခေါင်းတိုက်သွင်းဂိုးတွေ များစွာသွင်းယူနေပါတယ်။ ဟာလန်းရဲ့အရပ်အမောင်းက မြင့်မားပါတယ်။ အသင်းမှာလိုအပ်ရင် အသုံးချနိုင်တဲ့ကစားသမားတွေရှိနေတာ တကယ်ကို အရေးကြီးပါတယ်။ ဟာလန်းက ဒီအတွက် အဓိကကျနေတာပါ။ သူက အခုချိန်မှာ အသင်းရဲ့ အဓိကကစားသမားဆိုတာ မှန်ကန်ပါတယ်"ဟု ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် အောက်တိုဘာလ ၂၂ ရက်တွင် ချန်ပီယံလိဂ်ပွဲစဉ်(၃)အဖြစ် စပိန်ကလပ် ဗီလာရီးယဲလ်အသင်းကို အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ အောက်တိုဘာလ ၂၆ ရက်တွင် အက်စ်တွန်ဗီလာအသင်း၏အိမ်ကွင်း၌ ပရီးမီးယားလိဂ် ပွဲစဉ်(၉)အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

( က ) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

( က ) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

( ဃ ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

( က ) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( ဃ ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

( က ) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

( ဃ ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

( က ) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၇၀၀,၀၀၀ ကျပ်
( ဃ ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

( က ) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၇၀၀,၀၀၀ ကျပ်
( ဃ ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

( က ) ပထမဆု ၅၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၃၀၀,၀၀၀ ကျပ်
( ဃ ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

( က ) ပထမဆု ၇၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၄၀၀,၀၀၀ ကျပ်
( ဃ ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

( က ) ပထမဆု ၅၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၃၀၀,၀၀၀ ကျပ်
( ဃ ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

( က ) ပထမဆု ၇၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၄၀၀,၀၀၀ ကျပ်
( ဃ ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

( က ) ပထမဆု ၇၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၅၀၀,၀၀၀ ကျပ်
( ဃ ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**


( က ) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၆၀၀,၀၀၀ ကျပ်
( ဃ ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထုထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





**ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်**

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အထိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဓာညီပန်းအဝိုင်းအနီး၊ဇေနသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့်
နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
လွယ်ကူလျှင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
INNWA BANK
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

❖ **အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကိုတွေ့ရှိရ . . .**

❖ **မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကိုအားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်း စသည့်ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**


❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# အပူပိုင်းမုန်တိုင်း “ဖန်ရှန်” အားကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ဖန်ရှန်”သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ထိုမှတစ်ဆင့် အနောက်ဘက်သို့ရွေ့လျားနိုင်ကာ ပိုမိုအားကောင်းလာပြီးနောက် ၁၂ နာရီအတွင်း အားကောင်းသော အပူပိုင်းမုန်တိုင်း “ဖန်ရှန်” အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**



# ယခုနှစ်ရာသီအတွက် ရခိုင်ယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆)ပြိုင်ပွဲတစ်ခုဖြစ်သည့် သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ သီဟဒီပကွင်း၌ ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။ ရခိုင်ယူနိုက်တက်အသင်း၏ယနေ့ပြိုင်ပွဲသည် ယခုနှစ်ရာသီအတွက် သူ၏ပထမဆုံးနိုင်ပွဲတစ်ပွဲလည်း ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်ကစားကြသည့် သစ္စာအားမာန်အသင်းသည် ငါးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားသည့် **စာမျက်နှာ ၂၄ ကော်လံ ၄** ●



# လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ၂၁-၁၀-၂၀၂၅ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

# တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်ဖမ်းဆီးရမိ



dent သွားတိုက်ဆေး





Nestle Cerelac

မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၆ ရက်**တွင် မော်လမြိုင်မြို့နယ်၊ ဘားအံ-မော်လမြိုင်ကားလမ်းအနီး၊ ကျွဲခြံကုန်းရပ်ကွက်၊ လမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၂၄ ကော်လံ ၁** ❖

**၂၀၂၅ ခုနှစ် အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်** ..................................... စာ - ၂၄ သို့

**ဟောင်ကောင်၌ ကုန်တင်လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား၊ လူနှစ်ဦးသေဆုံး** စာ - ၂၃ သို့

